bible educational services

# ဆရာများအတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၁ နှင့် အဆင့် ၂

အတွဲ (က)

သင်ခန်းစာ ၁-၆

www.besweb.com

# Bible Educational Services

## ဓမ္မပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

Registered Charity UK (No 1096157)

**သာသနာတော် အတွက် သဘောထား**

အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရူပါရုံထားရှိခြင်း**

သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာ၌ အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ချက်များ**

“Bibletime”, “New Life” နှင့် “Gleaners” ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး UK တွင်ရှိသော ကျမ်းစာကျောင်းများနှင့် BES သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊အဆက်အသွယ်များ၊ ပြုလုပ်လည်ကောင်းအကြံညဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများပြုလုပ်ပေးသည်။ဤ BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ဒီဇိုင်းဆွဲပေးခြင်းများ၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့် လည်းလက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများက ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်တွင် ပထမဆုံး အသုံးပြုခဲ့ပြီ ဖြစ်သည်။အင်္ဂလိပ်ဘာသာနှင့် လည်းကောင်းနိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ကျမ်းစာပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A-4 ပုံစံဖြင့် ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ် စစ်ဆေး ရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန်အတွက်ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေ့ခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကာဖြင့် BES Website www.besweb.com တွင်ငင်း International Secretary တွင်ငင်း ရရှိနိုင်သည်။အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ကျွန်ုပ်တို့နှင့်လက်တွဲလုပ်ဆောင်ရန် သင်အလိုဆန္ဒ ရှိပါကသင့်အားအကူအညီပေးနိုင်သောစာရွက်စာတမ်းများကို BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အိန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကို အသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၁ နှင့် ၂ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၅-၁၀ နှစ် အထိ ကလေးများအတွက် ရေးဆွဲထားခြင်းဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထားသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ရေးဆွဲထားခြင်းဖြစ်သည်။ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာမျာတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံးပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၌၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာသင်ခန်းစာကို ပြန်အပ်စေရမည်ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သိုမဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစုစည်းပြီး ဖြစ်နိုင်ခြေအရှိဆုံးအမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံပြုသည့်အခါ အခန်းတခုစီ၏အဆုံးတိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်မျာကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားမျာထံ ဝေပေးပါ ။ခေါင်းဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူတို့သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ် သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာ စာအုပ်၏ နောက်ပိုင်တွင် ပေးထားသည်။ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များ ရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာသင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြာပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း ၊ကိုယ်ပိုင်နည်းလမ်း ၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့မပြုလုပ်လိုပေ ။ Bibletime သင်ခန်းစာများကို အသုံးပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့်ကျွမ်းဝင်မှုရှိပါ ။** - သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း ၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း ၊ အတတ်နိုင်ဆုံး ကျွမ်းဝင်မှုရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုတစိုက် စဉ်းစားဆင်ချင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြာမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ ။** - သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့်စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှုနှင့် သင်ခန်းစာ ပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင် နားလည်သဘောပေါက်သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကိုသိနားလည်ရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး တတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေး လိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များဖြစ်သည်။ဖြစ်ပွားခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်းနှင့် သင်ကြားခြင်းကို သုံးသက်နိုင်သည် ။
- **မိတ်ဆက်ပေးပါ ။** - ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင်ကလေးများ၏ တုန့်ပြန်မှုကိုရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ ။** - ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လှုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေရမည် ။ ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန္ဒ ရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာများကိုအမြဲအကွာစောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ ။** - ပုံပြင်တစ်ခုချင်းစီကိုချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည် ။အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်းနှစ်ခုတွေ့ရသည် ။ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်းတစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည် ။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး သူတို့၏အသက်တာထဲတွင် ကျန်ရှိနေစေရန် ကျွန်ုတို့မျှော်လင့်သည် ။ သို့မှသာ သူတို့သည် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသတ်ပါ ။ -** ကျောင်းတစ်ကျောင်း၏အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည် ။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေ့မှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းအားဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့်အကျွမ်းဝင်စေပါ ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင်သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည် ။ အခြာတဖတ်တွင် ကလေးများ၏ အားရှုံစုံစိုက်ခြင်းကို ဆက်စပ်နေသည့်မေးခွန်းများနှင့် တိကျသော သင်ကြားပို့ချမှု့ဘက်သို့ ဆွဲခေါ် သွားခြင်းသည် အကြံညဏ်ကောင်းတစ်ခုဖြစ်နိုင်သည် ။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်မရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန်အလွန်အရေးကြီးလှသည် ။သို့မှသာ ဤသင်ခန်းစာသည် ငြီးငွေ့စရာကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။သင်ခန်းစာရှိ အရေကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်သင့်ပါသည် ။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ ။ -** ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ ။ -** အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများရရှိရန်မှာ အလွန်ခက်ခဲလှပါသည် ။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့် အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည် ။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည် ။သင်ခန်းစာတိုင်း၌ သင့်လျော်သည့်နေရာတွင် ရုပ်ပုံအကြောင်းအကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။၎င်းတို့ website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန် သင်းခန်းစာအတွင်းထည့်သွင်းဖေါ်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အမိကသော့ချက်ကျမ်းသင်ကြားခြင်း ။

(၁) ကျမ်းချက်များကို စာရွက်သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့်ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံးတစ်ပြီးတစ်လုံ တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံတွင်ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အမိကသော့ချက်ကျမ်းကို မိတ်ဆက်ပေးရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ စကားလုံအရေးအတွက်များနှင့် အမိကကျမ်းစကားလုံများကို အစီအစဉ်တကျ မဟုတ်ဘဲထားပါ။အခြားအဖွဲ့မှသူများ ကျမ်းပိုက်ကိုအစီအစဉ်တကျမပြုလုပ်နိုင်မီ မိမိတို့အဖွဲ့မှ ဦးစွာလုပ်ဆောင်နိုင်ရန် ကလေးများကို ယှဉ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ရရှိခဲ့သော ကျမ်ပိုဒ်ကိုသူတပါး တို့ထက်ဦးစွာ ရွတ်ဆို စေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက် ။** ။သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည် အချိန်နှင့်အညီပြောင်းလဲလိုကြပေမည်။
  - (၁) မိတ်ဆက်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)
  - (၂) အမိကသော့ချက်ကျမ်း သင်ကြားပေးခြင်း (၅ -၁၀ မိနစ်)
  - (၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)
  - (၄) မေးခွန်မေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ ။

"ကျွန်ုပ်မေ့နိုင်သည့်အတွက်　ကျွန်ုပ်ကိုပြောပါ ။
ကျွန်ုပ်သတိရအောင်　ကျွန်ုပ်ကိုပြပါ ။
ကျွန်ုပ်နားလည်နိုင်ရန်　ကျွန်ုပ်နှင့်အတူပါဝင်ပါ ။"

# Bibletime သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ အာဗြဟံ<br>၆။ အာဗြဟံ<br>၇။ ပေတရု<br>၈။ ပေတရု<br>၉။ ယာကုပ်<br>၁၀။ ကနဦးခရစ်ယာန်များ<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ဆုတောင်းခြင်း<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံကျခြင်း<br>၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ခရစ်ယာန်အသက်တာ<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ပုံဥပမာ<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ ယေရှုတွေ့ဆုံသောသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ သတင်းကောင်းရေးသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယာကုပ်နှင့်မိသားစု<br>၇။ ယောသပ်<br>၈။ တမန် ၂း၄၂ ဦးဆောင်သည့်နည်းလမ်း<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ ပညာတ်တော်<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ<br>၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ယေရှုတွေ့ဆုံသောသူများ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသနှင့် ရှုမွေလ<br>၆။ ဒါဝိဒ်<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ယောန<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ယေရှုနှင့်တွေ့ဆုံသူများ<br>၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ ယေရှု၏စကားတော်များ<br>၃။ ဘုရားသခင်၏ တန်ခိုးတော်<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ<br>၁၂။ ခရစ္စမတ်ပုံပြင် |

<u>(က) ၁  ပုံပြင် (၁)</u>

## ကမ္ဘာကြီးကို ဘုရားသခင် ဖန်ဆင်းခဲ့သည် ။ ။ဤပုံပြင်သည် ကောင်းကင် နှင့်မြေကြီးကို ဘုရားသခင်ဖန်ဆင်းသည့်အကြောင်း ဖြစ်သည် ။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ကမ္ဘာကြီးကိုဘုရားသခင် ဖန်ဆင်းခဲ့သည် ။
- ဘုရားသခင် ဖန်ဆင်းသည့်အရာအားလုံးအတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ ကျေးဇူးတင်သင့်သည်။

**အဓိကသော့ချက်ကျမ်း** *။ကမ္ဘာဦး ၁း၁*
**အခြေပြုကျမ်း။** *။ကမ္ဘာဦး ၁း၁-၉*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ အိမ်ပုံကိုကလေးများအားပြခြင်း သို့မဟုတ် သူတို့၏အိမ်ပုံများကိုဆွဲစေပါ ။
၂။ အိမ် နှင့် ပတ်သည့် အကြောင်းအရာကို ကလေးများအားမေးပါ ။ထိုအိမ်ကိုဆောက်ရန် အချိန်မည်မျှကြာမည်နည်း။
၃။ အိမ်တလုံးဆောက်ရန် အိမ်ဆောက်ပစ္စည်းများစွာ လိုအပ်သည် ။သို့သော်ဘာမျှမရှိသည့် အရာထဲက ကမ္ဘာကြီးကို ဘုရားသခင် ဖန်ဆင်းခဲ့သည် ။

### သင်ကြားပေးပါ။

၁။ အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏။ ကမ္ဘာကြီးကို ဘုရားသခင်ဖန်ဆင်းတော်မမူမီ မှောင်မိုက်အတိဖြစ်သည် ။ ***(ကမ္ဘာ ၁း၁-၃)*** *အမြဲမှောင်နေပါက မည်သို့ဖြစ်မည်နည်း။ မျက်လုံးများကိုအဝတ်ဖြင့်စည်းခြင်းဖြင့် အမှောင်ကိုဥပမာပေးနိုင်သည် ။*
၂။ ပထမနေ့ရက်၌ အလင်းဖြစ်စေဟု ဘုရားသခင်မိန့်တော်မူ၍ အလင်းဖြစ်ပေါ်လာသည်။ အလင်းကို နေ့ဟူ၍လည်းကောင်း အမှောင်ကိုညဟူ၍ လည်းကောင်း ဘုရားသခင် မိန့်တော်မူ၏။ တချိန်လုံးမှောင်မဲနေမည့်အစား အမှောင်ပြီးလျှင် အလင်းဖြစ်ပေါ်လာစေရန် ဘုရားသခင် ဖန်ဆင်းခဲ့သည် ။ ***(ကမ္ဘာ ၁း၄-၅)***
၃။ ဒုတိယနေ့ရက်၌ ဘုရားသခင်သည် ကောင်းကင်မိုးမျက်နှာကြက်ကို ဖန်ဆင်း၍ မြေကြီးတပြင်လုံးကို လေနှင့် ပြည့်စေတော်မူ၏။ ညဦးနှင့် နံနက်သည် ဒုတိယနေ့ရက်ဖြစ်လေ၏ ။ ***(ကမ္ဘာ ၁း၆-၈)*** *ကလေးများကို အသက်ပြင်းပြင်းရှုသွင်းစေပါ ။ထို့နောက် ကျွန်ုပ်တို့အနားတွင် လေရှိခြင်းသည် မည်မျှ အရေးကြီးကြောင်း ရှင်းပြပါ။*
၄။ ဤအချိန်အထိ မြေကြီးသည် ရေများနှင့် ဖုံးလွှမ်းဆဲဖြစ်သည်။ သို့သော် ဤအချိန်သည် ကုန်းမြေကို ဖန်ဆင်းသည့် အချိန်ဖြစ်သည်။ ကုန်မြေပေါ်ထွန်းစေရန် ဘုရားသခင် အမိန့်တော် ရှိခဲ့သည် ။ကုန်းမြေ၏ ပတ်လည်တွင် ပင်လယ်ပေါ်ထွန်းလာသည်။ ထို့နောက် ဘုရားသခင်သည် သစ်ပင်မျိုးစုံကို ကုန်းမြေပေါ်တွင်ပေါက်စေဟု အမိန့်တော်ရှိ၍ ဖြစ်လေ၏ ။ ဘုရားသခင်သည် သူဖန်ဆင်းသောအရာများကို ကြည့်ရှု၍ ကောင်သည်ဟုမြင်တော်၏ ။ ထိုနေ့ရက်သည် တတိယနေ့ရက်ဖြစ်ပေသည် ။ ***(ကမ္ဘာ ၁း ၉-၁၃)*** *သဘာဝအတိုင်း ပေါက်ရောက်သည့် အပင်များ၏အမည်များကို ကလေးတို့အားပြောစေပါ ။ အပင်တို့၏အရောင် အမျိုးမျိုး ၊ ပုံသဏ္ဌာန်အရွယ်အစား ၊ လှပမှုနှင်အသုံးဝင်ပုံတို့အကြောင်းကို ကလေးများအား ပြောစေပါ။*
၅။ ကောင်းကင်တွင်အလင်းပေးဖို့ရန် အလင်းအိမ်ကြီးကို စတုတ္ထနေ့တွင် ဘုရားသခင် ဖန်ဆင်းခဲ့သည် ။ နေ့ကိုအလင်းပေးဖို့ရန် နေမင်းနှင့် ညကိုအလင်းပေးဖို့ရန် လနှင့်ကြယ်တို့ကို ဖန်ဆင်းပေးခဲ့သည်။ ဖန်ဆင်းထားသည့် အလင်းကို မြင်တွေ့သည့်အခါ ကောင်းသည်ဟု ဘုရားသခင် မြင်တော်မူ၏။ ***(ကမ္ဘာ ၁း၁၄-၁၉)*** *နေသည် မည်မျှကောင်းကြောင်း ကလေးများကို ပြောစေပါ။ ကောင်းကင်တွင်ရှိသော ကြယ်များ အရေးအတွက်အံ့ဖွယ်ဖြစ်ကြောင်း ပြောပြပါ ။*
၆။ *ကျွန်ုပ်တို့လိုအပ်သမျှနှင့် ပြည့်စုံသည့် လှပသော ကမ္ဘာကြီးကို ဘုရားသခင်ဖန်ဆင်းထားကြောင်း ကလေးများကို ရှင်းပြပါ။ အရာအားလုံးအတွက် ဘုရားသခင်ကို ကျေးဇူးတင်သင့်ကြောင်းလည်း ရှင်းပြပါ ။*

**သင်ခန်းစာကို အဆုံးသက်ပါ ။**
**ရုပ်ပြ** ။ FBI – ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။

### သင်ယူစေပါ

။အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီး သင်ပေးပါ ။ ***(ကမ္ဘာဦး ၁း၁)***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ အစအဦး၌ ကမ္ဘာကြီးသည်မည်သို့ဖြစ်သနည်း။
၂။ မည်သည့်နေ့တွင် အလင်း ထွက်ပေါ် လာသနည်း။
၃။ ဒုတိယနေ့တွင် ဘုရားသခင်သည် မိုးမျက်နှာကြက် နှင့် ----ကို ဖန်ဆင်းခဲ့သည်။
၄။ အစအဦး ၌ မြေကြီးကို မည်သည့်အရာနှင့် ဖုံလွှမ်းထားသနည်း။
၅။ တတိယ နေ့တွင် မည်သည့်အရာ နှစ်မျိုးကို ဘုရားသခင်ဖန်ဆင်းခဲ့သနည်း။
၆။ နေ့အတွက် မည်သည့်အလင်းကို ဘုရားသခင် ဖန်ဆင်းခဲ့သနည်း ။
၇။ ညအတွက်မည်သည့် အလင်းကို ဘုရားသခင် ဖန်ဆင်းခဲ့သနည်း။
၈။ ဤကျမ်းချက်ကို အဆုံးထိ ရေးပါ။ “အစအဦး၌ ဘုရားသခင်သည် -------။ ”

## (က) ၁ ပုံပြင် (၂)

## လူနှင့်တရိစ္ဆာန်ကို ဘုရားသခင် ဖန်ဆင်းခဲ့သည်။ ။ဤပုံပြင်သည် ပထမလူသားအကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ဘုရားသခင်သည် သူ၏ ပုံသဏ္ဍာန်တော်နှင့် အညီ လူကိုဖန်ဆင်းပြီး ထိုလူတို့သည် သူ့အတွက် အလွန်အဓိပ္ပာယ်ရှိသည်။
- ဘုရားသခင်သည် ကျွန်ုပ်တိုအား ဖန်ဆင်းထားသည့်အတွက် သူ၏အလိုတော်ကို ကျွန်ုပ်တို့နာခံလိုက်လျှောက်သင့်သည်။

**အဓိကသော့ချက်ကျမ်း** *။ကမ္ဘာဦး ၁း၃၁*
**အခြေပြုကျမ်း။** *။ကမ္ဘာဦး ၁း၂ဝ - ၂း၃*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ သင်ကောင်းစွာပြုလုပ်ထားခြင်းမရှိသည့် အရာတစ်ခုကို ယူလာပြပါ ။ ဥပမာ မီးလောင်ကျွမ်းနေသော ကိတ်မုန့်တစ်ခုဆိုပါစို့။အစီအစဉ်အတိုင်း ဖြစ်မြောက်လာခြင်းမရှိသည့်အခါ မည်မျှ စိတ်ပျက်စရာ ကောင်းကြောင်း ပြောပါ ။
၂။ ဘုရားသခင်သည် ဖန်ဆင်းခြင်းလက်ရာ အမျိုးမျိုးကို ဖန်ဆင်းခဲ့ပြီး ထိုအရာတစ်စုံတစ်ခုအားဖြင့် ဘုရားသခင် စိတ်မပျက်ခဲ့ရကြောင်း ကလေးများကို ရှင်းပြပါ ။
၃။ သို့မဟုတ် တရိစ္ဆာန်တစ်ကောင်ကောင် ကဲ့သို့သရုပ်ဆောင်ခိုင်းနိုင်သည်။ (ခန့်မှန်းပြုလုပ်သည့်ကစားနည်းသာဖြစ်သင့်သည်။)

### သင်ကြားပေးပါ။

၁။ ငါးရက်မြောက်သောနေ့တွင် ဘုရားသခင်သည် ထောင်ပေါင်းများစွာသောငါးအမျိုးမျိုး ၊ငှက်အမျိုးမျိုး ကို ဘုရားသခင်ဖန်ဆင်းခဲ့သည် ။ ဖန်ဆင်းသမျှကို ကြည့်မြင်သည့်အခါ ကောင်းသည်ဟု မိန့်တော်မူ၏ ***(ကမ္ဘာဦး ၁း၂ဝ -၂၃)*** *။ကလေးများသိသော ငှက်အမျိုးမျိုး နှင့် ငါးအမျိုးမျိုး ကိုစဉ်းစားစေပါ။*
၂။ ခြောက်ရက်မြောက်သော နေ့တွင် ဘုရားသခင်သည် တရိစ္ဆာန် အားလုံကို ဖန်ဆင်းတော်မူ၏။ လည်ပင်းရှည်ရှည်နှင့် သစ်ကုလားအုပ်များ ၊ ချွန်ထက်သည့် သွားများရှိသည့် ကျားနှင့်ခြင်္သေ့များ ၊ စသည်ဖြင့် အားလုံးကိုဘုရားသခင် ဖန်ဆင်းခဲ့သည်။ ***(ကမ္ဘာဦ ၁း၂၄ - ၂၅)***
၃။ အံ့သြဖွယ်များကို ဘုရားသခင် ဖန်ဆင်းပြီးဖြစ်သောလည်း သူဖန်ဆင်းရန် တစ်ခုကျန်နေသေးသည်။ ထိုအရာကို ထူးခြားစွာ သူဖန်ဆင်းခဲ့သည်။ လက်ထဲတွင် မြေမှုန့်များထည့်၍ ကလေးများကိုပြပါ ။ *ထိုမြေမှုန့်များနှင့် မည်သည့်အရာပြုလုပ်နိုင်ကြောင်း ကလေးများကို မေးပါ ။* ဘုရားသခင်သည် မြေကြီးမှ မြေမှုန့်အချို့ကိုယူပြီး ပထမဦးဆုံးလူသားကိုဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် ဇီဝအသက်ကို မှုတ်သွင်းလိုက်သည့်အခါ အသက်ရှင်သောလူဖြစ်လာသည်။ ပထမဦးဆုံး လူသားမှာ အာဒံဖြစ်သည်။ ***(ကမ္ဘာဦး ၁း၂၆ -၃၁)*** *ဘုရားသခင်သည် အာဒံကို ဖန်ဆင်းခဲ့စဉ်က သူ၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခဲ့ကြောင်းရှင်းပြပါ ။ဆိုလိုသည်မှာ ဘုရားသခင်နှင့်တူစေရန် ပုံဖော်ပေးခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရသော သူများဖြစ်ကြသောကြောင့် အခြားတရိစ္ဆာန်များနှင့်မတူဘဲ စဉ်စားနိုင်စွမ်း ရှိသည်။ဆိုလိုသည်မှာ အမှားနှင့်အမှန်ကိုကျွန်ုပ်တို့ ဝေဖန်ပိုင်းခြားနိုင်သည်။ ဘုရားသခင်၏ နောက်တော်သို့လိုက်ရန်နှင့်သူ၏ အလိုတော်များကို ကျွန်ုပ်တို့သင်ယူနိုင်သည်။*
၄။ ခြောက်ရက်အတွင်း ဘုရားသခင်သည် ကမ္ဘာကြီးနှင့် အရာအားလုံးကို ဖန်ဆင်းခဲ့သည်။ အရာအားလုံးပြီးဆုံးချိန်တွင် အလွန်ကောင်းသည် ဟု မိန့်တော်မူ၏။ ခုနှစ်ရက်မြောက်သောနေ့တွင် သူဖန်ဆင်းသမျှကို လက်စသက်ပြီး ငြိမ်ဝပ်စွာနေတော်မူ၏။ ***(ကမ္ဘာ ၂း၁ -၃)*** *ကျွန်ုပ်တို့အလုပ်များ လုပ်ပြီးချိန်တွင် ငြိမ်သက်စွာနေသင့်ကြောင်းရှင်းပြပါ ။*
၅။ ဘုရားသခင်ဖန်ဆင်းသော ကမ္ဘာသည် အလွန်ပြီးပြည့်စုံသော ကမ္ဘာဖြစ်ကြောင်း ဖော်ပြခြင်းဖြင့် အဆုံးသတ်ပါ။ သူဖန်ဆင်းသမျှအပေါ် သူကျေနပ်အားရခဲ့သည်။

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ** Power-point- www.teachingideas.co.uk. FBI ဘုရားသခင်သည်ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီး သင်ပေးပါ ။ ***(ကမ္ဘာဦး ၁း၃၁)***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ ဘုရားသခင်သည် ငါးနှင့်ငှက်ကို မည်သည့် နေ့၌ဖန်ဆင်းခဲ့သနည်း။
၂။ ဘုရားသခင်သည် ထိုအရာများ အကြောင်းကို မည်သို့ပြောထားသနည်း။
၃။ ခြောက်ရက်မြောက်သောနေ့၌ တရိစ္ဆာန်များကို ဖန်ဆင်းသကဲ့သို့ မည်သည့် အရာကိုဘုရားသခင် ဖန်ဆင်းခဲ့သနည်း။
၄။ ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းပြီးနောက် မည်သို့မိန့်ဆိုတော်မူသနည်း။
၅။ ပထမဆုံးလူသားမှာ မည်သူနည်း။
၆။ ဘုရားသခင်သည် လူအားဖန်ဆင်းရန် မည်သည့်အရာကို အသုံးပြုခဲ့သနည်း။
၇။ ဘုရားသခင်သည် ကမ္ဘာကြီးကို ဖန်ဆင်းရာတွင် ရက်ပေါင်းမည်မျှအချိန်ယူခဲ့သနည်း။
၈။ ဘုရားသခင်သည် ခုနှစ်ရက်မြောက်နေ့တွင် ဘာလုပ်ခဲ့သနည်း။

## (က) ၁ ပုံပြင် (၃)

## ပထမဦးဆုံး လူယောကျ်ား နှင့်လူမိန်းမ ॥ ॥ဤပုံပြင်သည် အာဒံနှင့် သူ၏ဇနီးသည် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ॥**

- အာဒံသည် ဘုရားသခင်၏ ဖန်ဆင်းခြင်းလက်ရာများကို စောင့်ရှောက်ရာတွင် သူ့အားကူညီပေးမည့် ဇနီးသည်ကို ဘုရားသခင်ဖန်ဆင်းပေးခဲ့သည်။
- ဘုရားသခင်သည် အရာအားလုံးကိုထိန်းချုပ်ထားသည်။

**အဓိကသော့ချက်ကျမ်း** ***॥ကမ္ဘာဦး ၂း၁၈ သို့မဟုတ် ဆာလံ ၂၄း၁***
**အခြေပြုကျမ်း॥** ***॥ကမ္ဘာဦး ၂း၄ - ၂၅***

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ ပန်းဥယျာဉ်အကြောင်းနှင့်ပတ်သတ်၍ ကလေးများ အတွေ့အကြုံရှိပါက စိုက်ပျိုးထားသော အပင်များအကြောင်း သူတို့အားပြောစေပါ။ သို့မဟုတ် သဘာဝအတိုင်း ပေါက်နေသော ပန်း၊ သစ်သီး၊ သစ်ရွက် များကို ပြစေပါ။ အကယ်၍ ဥယျာဉ်သည် သူတို့အတွက် အသစ်အဆန်းဖြစ်နေပါက ဥယျာဉ်ဆိုသည်မှာ သစ်ပင်၊ ပန်းမာန်များ စိုက်ပျိုးထားသည့် နေရာဖြစ်ကြောင်း ရိုးရိုးလေး ရှင်းပြပါ။ မည်သည့်အရာနှင့်တူကြောင်း ကြိုးစား၍ ပုံဖော်ပြပါ ॥

၂။ ဧဒင်ဥယျာဉ်သည် ကျွန်ုပ်တို့ရေးဆွဲလေ့ရှိသော ပန်းခြံ သို့မဟုတ် ကျွန်ုပ်တို့စိတ်ကူး ပုံဖေါ်လေ့ရှိသော ဥယျာဉ်များထက်သာ၍ လှပကြောင်း ရှင်းပြပါ ॥

၃။ ဧဒင်ဥယျာဉ်အကြောင်းဆွေးနွေးပါ။ ဧဒင်ဥယျာဉ်တွင်သင်နေထိုင်လိုပါသလား။ ထိုနေရာတွင် နေရပါက အလွန်ပျော်မည် ဟု သင်ထင်ပါသလား။ အာဒံအတွက် အလွန်ပျင်းစရာကောင်းလိမ့်မည် ဟု သင်ထင် ပါသလား။

### သင်ကြားပေးပါ။

၁။ ဧဒင်အမည်ရှိသည့် လှပသည့်ဥယျာဉ်ထဲတွင် အာဒံနေထိုင်သည်။ အာဒံအတွက် လိုအပ်သမျှ ရေနှင့် အစားအစာများအားလုံးကို ဘုရားသခင်ပြင်ဆင်ပေးထားသည်။ ဘုရားသခင်သည် အာဒံအား ဥယျာဉ်တော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်စေခဲ့သည်။ ***(ကမ္ဘာ ၂း၁၅)***

၂။ ဘုရားသခင်သည် သူဖန်ဆင်းသမျှ အရာအားလုံးကို အာဒံအား ပြခဲ့သည်။အာဒံသည် ဖန်ဆင်ခံများအားလုံးကို အမည်မှည့်ခေါ်ခဲ့သည်။ ***(ကမ္ဘာ ၂း၁၉ - ၂၀)***

၃။ ဘုရားသခင်သည် အာဒံအား တစ်ဦးတည်း မနေစေလိုခဲ့ပေ ॥ အာဒံ၏ ပတ်ဝင်ကျင်တွင် အလွန်လှပသည့် ငှက်များ ၊ တရိစ္ဆာန်များ ၊ သစ်ပင်များ ၊ ပန်မာန်များ ရှိနေသော်လည်း ဥယျာဉ်တော်ထဲ၌ သူ၏ဘဝကို မျှဝေခံစားပေးမည့်သူ တစ်ဦးလိုအပ်နေကြောင်း ဘုရားသခင်သိထားသည်။ ဘုရားသခင်သည် အာဒံအား နှစ်ခြိုက်စွာ အိပ်စက်စေခဲ့ပြီး သူအိပ်ပျော်နေစဉ် သူ၏နံရိုးနှင့်ပထမဦးဆုံးလူမိန်းမကို ဘုရားသခင်ဖန်ဆင်းခဲ့သည်။ အာဒံသည် တစ်ဦးတည်းကြာကြာ မနေခဲ့ရပေ။ ယခုတွင် အာဒံသည် ဧဝဟုခေါ်သော ဇနီးသည်ကို ရရှိခဲ့ပြီးဖြစ်သည်။ ဥယျာဉ်တော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် သူနှင့်အတူလုပ်ဆောင်နိုင်ရန် ဘုရားသခင် ပြင်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ ***(ကမ္ဘာ ၂း၂၀ -၂၄)***

၄။ ဥယျာဉ်တော်ထဲတွင် သစ်ပင်များစွာရှိသည်။ ဥယျာဉ်၏ အလယ်တွင် ကောင်းမကောင်း သိကျွမ်းရာ အပင် ဟုခေါ်သည့် အပင်တစ်ပင် ရှိသည်။ဘုရားသခင်သည် အာဒံနှင့်ဧဝအား ထိုအပင်၏ အသီးမှအပ အခြားသစ်သီးများကို စားသုံးနိုင်ကြောင်းမိန့်ကြားခဲ့သည်။ ***(ကမ္ဘာ ၂း၁၆ -၁၈)*** *ကလေးများအား ကျောင်း သို့မဟုတ် အိမ်၌ စည်းကမ်းများစွာ ထားရှိခြင်း အကြောင်းကို ရည်ညွှန်းပြောပြပါ ॥ (ကျွန်ုပ်တို့အန္တရာယ် ကင်းစေရန် နှင့် ပျော်ရွှင်စေရန် အတွက်ဖြစ်သည်။) အာဒံနှင့်ဧဝတို့နာခံရန် ဘုရားသခင် ချမှတ်ထားသည်။ စည်းကမ်းကို ကလေးများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးပါ။မေးမြန်းပါ။*

၅။ *ဘုရားသခင်သည် ကမ္ဘာကြီးကို ဖန်ဆင်းပြီး ထိုကမ္ဘာကြီးကို သူထိန်းချုပ်ထားကြောင်း ကလေးများကိုရှင်းပြပါ။ ထို့ကြောင့်လူသားတို့ မည်ကဲ့သို့အသက်ရှင်နေထိုင်ခဲ့ကြောင်း အကောင်းဆုံး အဆုံးအဖြတ် ပေးနိုင်သောသူမှာ ဘုရားသခင်ပင်ဖြစ်သည်။ ကျွန်ုပ်တို့လည်း သူ၏ စည်းကမ်းကို လိုက်နာရန်လိုအပ်သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ॥**
**ရှုပ်ပြ ॥**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ကမ္ဘာဦး ၂း၁၈ သို့မဟုတ် ဆာ ၂၄း၁)***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ အာဒံသည် မည်သည့်အရပ်၌နေထိုင်သနည်း။
၂။ အာဒံသည် ဥယျာဉ်တော်ထဲ ၌ မည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။
၃။ တရိစ္ဆာန်တို့သည် သူတို့၏အမည်ကို မည်သို့ ရရှိသွားကြ သနည်း။
၄။ စာကြောင်းကိုပြီးအောင် ဆက်ရေးပါ။ “ဘုရားသခင်သည် အာဒံအား ------------စေခဲ့သည်။”
၅။ အာဒံ၏ဇနီးသည်ကို ဖန်ဆင်းရာတွင် ဘုရားသခင်သည် မည်သည့်အရာကို အသုံးပြုခဲ့သနည်း။
၆။ အာဒံ၏ဇနီးသည်ကို မည်သို့ခေါ်သနည်း။
၇။ ဥယျာဉ်ထဲ၌အလွန်ထူခြားသည့်အပင်၏အမည်ကို ဖော်ပြပါ ॥
၈။ ကောင်းမကောင်းသိကျွမ်းရာအပင် နှင့်ပတ်သက်၍ ဘုရားသခင်သည် မည်သို့ပညာတ် ထားသနည်း။

# (က) ၁ ပုံပြင် (၄)

## ဘုရားသခင်၏စကားတော်ဖျတ်ဆီးခံခဲ့ရသည် ။ ။ဤပုံပြင်သည်ဤလောကသို့ အပြစ်တရား ၀င်ရောက်လာခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- အာဒံနှင့်ဧ၀သည် ဘုရားသခင်၏ စကားတော်ကို မနာခံခဲ့ပေ။ ဘုရားသခင်၏ ပြီးပြည့်စုံသော ဖန်ဆင်းခြင်းကို ဖျက်ဆီးပစ်ခဲ့သည်။
- ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ကို မနာခံပေ။ ကျွန်ုပ်တို့၏ အပြစ်များအတွက် နောင်တရပြီး ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို ရှာဖွေရန်လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *။ရောမ ၅း၁၂ သို့မဟုတ် ရောမ ၅း၁*
**အခြေပြုကျမ်း။** *။ကမ္ဘာဦး ၃း၁-၂၄*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ လှပသောပုံတစ်ပုံကို ယူလာပြီး ထိုပုံပေါ်တွင်ရေးခြစ်ခြင်း သို့မဟုတ် ဆွဲဖြဲခြင်းအားဖြင့် ဖျက်ဆီးပစ်ပါ။
၂။ ဆွေးနွေးပါ ။ပုံမည်သို့ဖြစ်သွားသနည်း။ယခုမည်သို့ဖြစ်နေပြီးနည်း။
၃။ ဘုရားသခင်သည် ပြီးပြည့်စုံသော ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည်။သို့သော် ထိုကမ္ဘာကြီးသည် ယခုပျက်စီးခဲ့ရပြီး ဖြစ်ကြောင်း ရှင်းပြပါ ။

### သင်ကြားပေးပါ။

၁။ ကျွန်ုပ်တို့ကမ္ဘာကြီးကို ဘုရားသခင်ဖန်ဆင်းစအချိန်တွင် အရာအားလုံးသည် ပြီးပြည့်စုံနေသည်။ သို့သော် တနေ့သောအခါတွင် ဘုရာသခင်၏ ရန်သူ စာတန်သည် မြွေအယောင်ဆောင်၍ ဥယျာဥ်တော်ထဲသို့ လာခဲ့သည်။ကောင်းမကောင်းသိကျွမ်းရာ အပင်၏ အသီးကို စားလျှင် ဘုရားသခင်ကဲ့သို့ဖြစ်လိမ့်မည်ဟု ဧ၀အားပြောခဲ့သည်။ ***(ကမ္ဘာ ၃း၁-၅)***
၂။ ဧ၀သည် ဘုရားသခင်၏ ရန်သူစကားကို နားထောင်ခဲ့သည်။ ထိုနောက် သူမသည် ဘုရားသခင်၏ စကားကို နားမထောင်တော့ဘဲ အသီးအချို့ကို ခူးယူစားလိုက်သည်။ အချို့ကို အာဒံအားပေးပြီး သူတိုနှစ်ဦးစလုံးစားလိုက်ကြသည်။ ***(ကမ္ဘာဦး ၃း၆)***
၃။ ထိုနေ့ညနေတွင် ဘုရားသခင်သည် အာဒံဧ၀တို့နှင့် မိသဟာရဖွဲ့ရန် ဥယျာဥ်ထဲသို့ လာရောက်ခဲ့သည်။သို့သော် ဘုရားသခင်၏ စကားကို မိမိတို့ နားမထောင်ခဲ့ကြသည့်အတွက် ပုန်း၍နေကြသည်။ ***(ကမ္ဘာဦး ၃း၇-၈)*** *တစ်ယောက်ယောက်၏ စကားကို နားမထောင်ဖူးသည့် အချိန်ရှိပါသလား။ အကျိုးရလဒ်အနေဖြင့် တစ်ခုခုဖြစ်ပါသလား။ အာဒံနှင်ဧ၀သည် ဘုရားသခင်ထံမှ ပုန်းရှောင်၍မရနိုင်ကြောင်နှင့် ကျွန်ုပ်သည်လည်း ထိုနည်းတူပင် ဖြစ်ကြောင်း ကလေးများကို ရှင်ပြပါ ။*
၄။ သင်ဘယ်မှာလဲဟု ဘုရားသခင် ခေါ်ခဲ့သည်။သူတို့ စကားနားမထောင် ခဲ့ကြသည့်အကြောင်း ဘုရားသခင် သိပြီးဖြစ်သော်လည်း သူတို့ကိုချစ်နေဆဲဖြစ်သည်။ မနာခံခြင်းအတွက် သူတို့ အပြစ်ပေးခံရမည်ဖြစ်သည်။ ဘုရားသခင်သည် သူတို့အား ဥယျာဉ်ပြင်ဘက်သို့ နှင်ထုတ်လိုက်သည်။ သူတို၏ အပြစ်သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းကို ဖျက်စီးခဲ့သည်။ ဘုရားသခင်နှင့် မိသဟာရဖွဲ့ခြင်းကိုလည်း ပျက်စီးစေခဲ့သည်။ အာဒံနှင့်ဧ၀တို့၏ အပြစ်ကြောင့် ဆူးပင်များ ၊ ချုံပုတ်များ ပေါက်ရောက်လာသည်။ လူနှင့်တရိစ္ဆာန်များ အို ၊နာ ရပြီး အဆိုးဆုံးမှာ သေခြင်းတရားဤလောကသို့ ၀င်ရောက်လာခြင်းပင် ဖြစ်သည်။ ***(ကမ္ဘာဦး ၃း၉ -၂၄)***
၅။ *ကျွန်ုပ်တို့ အမှား ပြုလုပ်သည့်အခါတွင်လည်း ဘုရားသခင် ၀မ်းနည်းရသည်။ကလေးများ ပြုလုပ်နိုင်သည့် ဘုရားသခင် မနှစ်သက်သောအရာကို တွေးတောဆင်ခြင်စေပါ ။ကျွန်ုပ်တို့ အပြစ်လုပ်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို အလွန်ချစ်သည်။ ကျွန်ုပ်တို့ အပြစ်ခွင့်လွှတ်ခြင်း ခံစားရရန်နှင့် ဘုရားသခင်နှင့်ပြန်လည် မိသဟာရဖွဲ့နိုင်ရန် သားတော် သခင်ယေရှုသည် လက်၀ါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သည်။သူအားကျွန်ုပ်တို့ ယုံကြည်ကိုးစားခြင်ဖြင့် ဘုရားသခင်နှင့် ပြန်လည်မိသဟာရဖွဲ့နိုင်မည်ဖြစ်သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ။အာဒံနှင့်ဧ၀ ဘုရားစကားနားမထောင်ခြင်း ။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးပါမှု့ကို ရှင်းပြပြီးသင်ပေးပါ။ ***(ရောမ ၅း၁၂ ၊ သို့မဟုတ် ရောမ ၅း၁ )***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ အသီးခူစားရန် ဧ၀အား မည်သူ လှည့်ဖြားခဲ့သနည်း ။
၂။ ဧ၀သည် အသီးကိုစားရန် စာတန် မည်သို့လှည့်ဖြားခဲ့သနည်း။
၃။ ဧ၀သည် အသီးကို မည်သူထံ ပေးခဲ့ သနည်း။
၄။ ဘုရားသခင် ခေါ်သည့်အခါ အာဒံနှင့်ဧ၀ ဘာလုပ်နေသနည်း။
၅။ အာဒံ နှင့် ဧ၀ ပြုခဲ့သည့်အရာအတွက် ဘုရားသခင် မည်သို့ ခံစားခဲ့သနည်း။
၆။ အာဒံ နှင့် ဧ၀ မည်သို့ ဖြစ်သွားသနည်း။
၇။ မှားယွင်းသည့်အရာများ ကျွန်ုပ်တို့ လုပ်ဆောင်သည့်အခါ ဘုရားသခင်မည်သို့ ခံစားသနည်း။
၈။ ကျွန်ုပ်တို့၏ မှားယွင်းသည့်အပြုအမူများအတွက် အပြစ်ခွင့်လွှတ်ခြင်းကို မည်သို့ ခံစားနိုင်မည်နည်

## (က) ၂ ပုံပြင် (၁)

**ဘုရားသခင်၏စကားကို နောဧနာခံခဲ့သည် ။ ။ ဤပုံပြင်သည်နောဧသင်္ဘောတည်ဆောက်ခဲ့ခြင်း အကြောင်းဖြစ်သည်။**

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- နောဧ ၊ သူ၏ မိသားစုနှင့် ၊ တရိစ္ဆာန်များ  သင်္ဘောထဲ၌ ဘေးကင်စွာ စောင့်ရှောက် ခံခဲ့ရသည်။
- ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံစားနိုင်သည့် နည်းလမ်းကို ဘုရားသခင် ပြင်ဆင် ပေးခဲ့သည်။ ထို့ကြောင့် နောဧ ကိုးစားသကဲ့သို့ ကျွန်တို့လည်း ဘုရားသခင်ကို ကိုးစားနိုင်သည်။

**အဓိကသော့ချက်ကျမ်း** *။တမန် ၁၆း၃၁*
**အခြေပြုကျမ်း။** *။ကမ္ဘာ ၆း၅ -၂၂*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

၁။ သူတို့နှစ်သက်သော တရိစ္ဆာန်မှာ မည်သည့် တရိစ္ဆာန် ဖြစ်ကြောင်း ကလေးများအား ပြောစေပါ ။
၂။ ထိုတရိစ္ဆာန်များ တနေရာထဲတွင် စုနေပါက မည်သို့ဖြစ်မည်ကို ရှင်ပြပါ ။ မည်သို့သော နေရာမျိုးတွင် ထိုတရိစ္ဆာန်များအားလုံးဆံ့နိုင်ကြောင်း ၊မည်သည့်အသံများထွက်ပေါ်နေပြီး မည်သည့် အနံ့များ ထွက်ပေါ်နေမည်ကို ဆွေးနွေးပါ။
၃။ သမ္မာကျမ်းစာထဲမှ ပုံပြင်တစ်ပုဒ်ဖြစ်သည့် လူအချို့နှင့်တရိစ္ဆာန်များ သင်္ဘောကြီးတစ်စင်းထဲသို့ ဝင်ရောက်ခဲ့ကြသည့် အကြောင်းကို သင်ယူသွားမည် ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားပေးပါ။**

၁။ ကျွန်ုပ်တို့ကမ္ဘာကြီးကို ဘုရားသခင် ဖန်ဆင်းစက အရာအားလုံသည် ကောင်းမွန်ပြီး သာယာလှပခဲ့သည်။ မကြာမီမှာပင် အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏ စကားတော်ကို  နားမထောင်ခဲ့ကြပေ။ သူတို့၏သားသမီးများသည် တကိုယ်ကောင်းဆန်ပြီး ဆိုးသွမ်းလာကြသည်။ သူတို့အား ဖန်ဆင်းခဲ့မိသည်ကိုပင် ဘုရားသခင် ဝမ်းနည်း၍ နောင်တရခဲ့ရသည်။ ***(ကမ္ဘာဦး ၆း၅ -၆)***
၂။ ကမ္ဘာလောကကြီးတခုလုံးသည ဆိုးသွမ်းနေသော်လည်း ဘုရာသခင်စိတ်တော်နှင့် တွေ့သည့် နောဧ ဟုခေါ်သောသူတစ်ဦးရှိသည်။သူတို့ပတ်ဝန်ကျင်ရှိလူများအားလုံး ဘုရားသခင်ကို မေ့လျော့ပြီး မိမိတို့စိတ်ထင်သည့်အတိုင်း သွားလာနေကြချိန်တွင် နောဧ၊ သူ့ဇနီး ၊ သားသုံးယောက် ၊ ချွေးမသုံးယောက် တို့သည် ဘုရားသခင် အလိုတော်ရှိသော အရာကို ကြိုးစား၍ လုပ်ဆောင်ခဲ့ကြသည်။ ***(ကမ္ဘာဦး ၆း၈ -၁၀)***
၃။ ဤလောကသည် အလွန်ဆိုးသွမ်းသည့်အတွက် အပြစ်စီရင်မည်ဟု ဘုရားသခင် ဆုံဖြတ်ခဲ့သည်။ နောဧအား သင်္ဘောကြီးကို ဆောက်လုပ်စေခဲ့သည်။ထိုသင်္ဘောကြီး ဆောက်လုပ်ပြီးချိန်တွင် ဘုရားသခင်သည် မြေပေါ်သို့ ကြီးစွာသော ရေလွှမ်းမိုးခြင်းကို စေလွှတ်မည် ဖြစ်သည်။သက်ရှိများ အားလုံးသေကြရမည်။သို့သော် နောဧနှင့်မိသားစုသည် သင်္ဘောထဲ၌ဘေးကင်းကြမည် ဖြစ်သည်။ ***(ကမ္ဘာဦး ၆း၁၃- ၁၈)***
၄။ ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း နောဧလိုက်နာဆောင်ရွက်ခဲ့သည်။ သင်္ဘောကြီး ဆောက်လုပ်ရန် နှစ်ပေါင်း ၁၀၀ အချိန်ယူခဲ့ရသည်။ ဘောလုံးကွင်းနှင့်အမျှကြီးပြီး အထပ်သုံးထပ်ရှိသည့် အဆောက်အဦး အရွယ်အစားအကြောင်းပြောပါ။ *ခက်ခဲသောအလုပ် အားလုံး ပြီးဆုံးခဲ့ပြီး ။* နောက်ဆုံး၌သင်္ဘောကြီးဆောက်လုပ်ပြီးစီခဲ့သည်။ ***(ကမ္ဘာဦး ၆း၂၂)***
၅။ ငါးအမျိုးမျိုး ၊ ငှက်အမျိုးမျိုး တို့ကို သင်္ဘောထဲသို့ သွင်းရန် ဘုရားသခင်သည် နောဧအား မိန့်တော်မူခဲ့သည်။ *သင်ခန်းစာ အစပြုမိတ်ဆက်ခြင်း၌ ကလေးများဖော်ပြခဲ့သည့် တရိစ္ဆာန်အချို့၏ အမည်အချို့ကိုဖော်ပြပါ ။*ဤတရိစ္ဆာန်တို့သည် နောဧမိသားစုနှင့်အတူ ကယ်လွတ်ခြင်းခံရသော တရိစ္ဆာန်များ ဖြစ်ကြသည်။သင်္ဘောထဲသို့ဝင်သော နောဧမိသားစု ၈ ဦးကို *ရေတွက်ပါ ။* အားလုံးသင်္ဘောထဲသို့ ဝင်ရောက်ပြီးနောက် ဘုရားသခင်သည် သင်္ဘောတံခါးကို ပိတ်ပေးခဲ့သည်။သူတိုအား ကယ်တင်မည့် သူ၏အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။ ***(ကမ္ဘာဦး ၇း၁၃ -၁၆)***
၆။ *ကျွန်ုပ်တို့သည် မှားယွင်းသောအမှုများစွာကို ပြုလုပ်တက်ကြကြောင့် ရှင်းပြပါ။ကျွန်ုပ်တို့၏  အပြစ်မှကယ်လွတ်ခြင်း ခံရရန်လိုအပ်သည်။ ဘုရားသခင်၏ သားတော်ကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားသောအချိန်တွင် အပြစ်မှ ကယ်တင်ခြင်းခံစားနိုင်သည့် နည်းလမ်းကို ဘုရားသခင် ပြင်ဆင်ထားပေးပြီးဖြစ်သည်။ သင်္ဘောကြီးကဲ့သို့ပင် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် သခင်ယေရှုကို ပြင်ဆင်ပေးခဲ့သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ။နောဧနှင့်သင်္ဘောကြီး

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(တမန် ၁၆း၃၁)***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

၁။ ကမ္ဘာပေါ်တွင် မည့်သည့်ပြဿနာဖြစ်ခဲ့သနည်း။
၂။ ဘုရားသခင်သည် မည်သည့်အရာကို လုပ်ရန် ဆုံးဖြတ်ခဲ့ သနည်း ။
၃။ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောသူမှာ မည်သူနည်း။
၄။ ဘုရား သခင်သည် နောဧအား မည်သည့်အရာလုပ်ဆောင် စေခဲ့သနည်း။
၅။ သင်္ဘောထဲသို့ မည်သူတို့ ဝင်ရောက်ခဲ့ကြသနည်း။
၆။ သင်္ဘော၏ တံခါးကို မည်သူ ပိတ်ပေး ခဲ့သနည်း။
၇။ သင်္ဘောထဲရှိ လူများ အဘယ်ကြောင့် ကယ်လွတ်ခြင်း ခံစားခဲ့ကြရသနည်း ။
၈။ ကျွန်ုပ်တို့၏အပြစ်ဒဏ်မှ ကျွန်ုပ်တို့ မည်သို့ လွတ်မြောက်နိုင်မည်နည်း ။

## <u>(က) ၂ ပုံပြင် (၂)</u>

## သင်္ဘောထဲ၌အသက်ဘေး ကင်းလွတ်ခဲ့ရခြင်း ။ ။ ဤပုံပြင်သည်ရေလွှမ်းမိုးခြင်း စတင်လာသည့် အကြောင်းဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• ဘုရားသခင်ကို ယုံကြည်ကိုးစားသည့် အတွက်ကြောင့် နောဧနှင့်သူ၏ မိသားစု အသက်ဘေးမှ လွတ်ခဲ့ရသည်။<br>• ကျွန်ုပ်တို့ သည် ဘုရားသခင်ကို ယုံကြည်ကိုးစာလျှင် အသက်ဘေးလွတ်၍ ကယ်တင်ခြင်း ခံစားရမည်ဟု ဘုရားသခင် ကတိပေးထားသည်။<br><br>**အဓိကသော့ချက်ကျမ်း** ။*သုတ္တံ ၂၉း၂၅*<br>**အခြေပြုကျမ်း။** ။*ကမ္ဘာ ၇း၁-၁၆* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ၁။ သူတို့ပြုလုပ်ဖန်တီးသည့် အရာတစ်ခုခု အကြောင်းကို ကလေးများအား ပြောစေပါ။ ထိုအရာကို ပြုလုပ်ဖန်တီးရာတွင် မည်သည့်အရာကို အသုံးပြုထားသနည်း။ ပြုလုပ်ရန် ခက်ခဲပါသလား ။ တစ်ယောက်ယောက်ကသင့်အား ကူညီပေးပါသလား။ စသည်ဖြင့်မေးပါ ။<br>၂။ ပြီးခဲ့သော ပုံပြင်ကို ပြန်လှန်ပါ ။ နောဧသည် သင်္ဘောတည်ဆောက်ရန် မည်သည့်အရာကို အသုံးပြုခဲ့သနည်း။ သင်္ဘောတည်ဆောက်သည့်အခါ ခက်ခဲလိမ့်မည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့်သူဆောက်လုပ်ခဲ့သနည်း။<br>၃။ ခက်ခဲသောအလုပ်ဖြစ်သော်လည်း နောဧသည် သင်္ဘောကို တည်ဆောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော ဘုရားသခင် သူအားဆောက်လုပ်စေခဲ့သောကြောင့် ဖြစ်သည်။နောဧသည် ဘုရားသခင်၏ လမ်းညွှန်မှုကို လုံးလုံးနာခံခဲ့သည်။ |
| **သင်ကြားပေးပါ။** | ၁။ သင်္ဘောထဲတွင် နောဧနှင့်သူ၏မိသားစု ဘေးကင်းခဲ့ကြသည်။ ***(ကမ္ဘာဦး ၇း၆ -၇)***<br>၂။ ခုနစ်ရက်ကြာပြီးနောက် မိုးစတင် ရွာသွန်းခဲ့သည်။ တစ်ရက်ပြီးတစ်ရက် မိုးများ ပိုမိုရွာသွန်းခဲ့သည်။ မြက်ပင်များ ၊ပန်းပင်များ ၊ အားလုံးကို ရေများဖုံးလွှမ်းသွားခဲ့သည်။ မြစ်ချောင်းများ ၊ ပင်လယ်များ သည်လည်း ရေများပြည့်လျှံလာခဲ့သည်။ ***(ကမ္ဘာဦး ၇း၁၇ -၂၀)*** *နောဧကို လှောင်ပြောင်ခဲ့ကြသည့် သင်္ဘောအပြင်ဘက်ရှိ လူအားလုံးအတွက် အလွန်နောက်ကျခဲ့ပြီးဖြစ်ကြောင်း ရှင်းပြပါ ။*<br>၃။ ရေများ ဆက်လက်မြင့်တက်လာခဲ့သည်။ အိမ်များ ၊သစ်ပင်များကို ဖုံးလွှမ်းသွားပြီး မြင့်မားသောတောင်များကိုပင်လျှင် ရေများဖုံးလွှမ်းသွားခဲ့သည်။ ***(ကမ္ဘာဦး ၇း၂၀၂၁)*** *သင်္ဘောထဲ၌ နောဧနှင့်သူ၏မိသားစုများ မည်ကဲ့သို့ ခံစားနေကြမည်ကို ပုံဖော်ကြည့်ပါ ။ ဘုရားသခင်၏စကားတော်ကို နားမထောင်ခဲ့ပါလျှင် မည်သို့ဖြစ်မည်နည်း။*<br>၄။ နောဧသည် ဘုရားသခင်၏ စကားတော်ကို ယုံကြည်ကိုးစားခဲ့သည့်အတွက် သင်္ဘောထဲရှိ နောဧနှင့်သူ၏မိသားများ ၊ တိရိစ္ဆာန်များ အသက်ဘေးလွတ်ခဲ့ရသည်။ သူတို့အားလုံးကို နောဧ ကာကွယ်ပေးခဲ့သည်။ ***(ကမ္ဘာဦး ၇း၂၃)***<br>၅။ *ကျွန်ုပ်တို့လည်း ဘုရားသခင်ကို ယုံကြည်ကိုးစားရန် ဘုရားသခင် အလိုတော်ရှိကြောင်း ကလေးများကို ရှင်းပြပါ ။ကျွန်ုပ်တိုသည် နောဧကဲ့သို ဘုရားသခင်ကို ကိုးစားလျှင် အသက်ဘေးမှ လွတ်မည်ဖြစ်ကြောင်း ဘုရားသခင် ကတိထားတော်မူသည်။*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။**<br>**ရုပ်ပြ ။** ။နောဧ နှင့် သင်္ဘောကြီး |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(သုတ္တံ ၂၉ -၂၅)*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ၁။ ဘုရားသခင် ယုံကြည်ကြောင်း နောဧမည်ကဲ့သို့သက်သေပြခဲ့သနည်း။<br>၂။ မည်သူတို့သည် နောဧနှင့်အတူ သင်္ဘောထဲသို့ ဝင်ခဲ့ကြသနည်း။<br>၃။ မိုးစတင်ရွာသွန်းခြင်းမပြုမီ သူတို့သည် သင်္ဘောထဲတွင် အချိန်မည်မျှ နေထိုင်ခဲ့ကြသနည်း။<br>၄။ ရေသည် မည်မျှ မြင့်တက်သွားခဲ့သနည်း ။<br>၅။ မည်သူတို့ ဘေးကင်းလွတ်ခဲ့ကြသနည်း။<br>၆။ နောဧ အဘယ်ကြောင့် ဘေးကင်းလွတ်ခဲ့ရသနည်း။<br>၇။ သူအား ကျွန်ုပ်တို့ ယုံကြည်ကိုးစားလျှင် ကျွန်ုပ်တို့ကို မည်သူ ကယ်တင်မည်နည်း။ |

## (က) ၂ ပုံပြင် (၃)

## အသစ်စတင်ခြင်း ။ ။ ဤပုံပြင်သည် ရေလွှမ်းမိုးခြင်း ပြီးဆုံးချိန် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- နောဧနှင့်သူ၏ မိသားစုများ နေထိုင်ရန် အတွက် သန့်ရှင်သော ကမ္ဘာသစ်ကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။
- ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ရန် တောင်းဆိုပါလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစေပြီး အသစ်သောအသက်တာ ဖြစ်စေနိုင်သည်။

**အဓိကသော့ချက်ကျမ်း** ။ *၂ကော ၅း၁၇*
**အခြေပြုကျမ်း။** ။ *ကမ္ဘာ ၈း၁-၁၉*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ နောဧနှင့်သူ၏မိသားစုသည် သင်္ဘောထဲ၌ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြရသည်ကို ကလေးများအားရှင်းပြပါ ။
၂။ သင်္ဘောထဲ၌ နေထိုင်ရလျှင် မည်သို့ဖြစ်နေမည်ကို ကလေးများအား စဉ်းစားတွေးတောစေပါ။ တနေ့လုံးသင်ဘာလုပ် မည်နည်း။ မည်သို့ ခံစားရမည်ဟု သင်ထင်ပါသနည်း။

### သင်ကြားပေးပါ။

၁။ ရပ်ပေါင်း ၄၀ ကြာပြီး နောက် မိုးရွာသွန်းခြင်း ရပ်တန့်သွားခဲ့သည်။ သို့သော် တောင်များအပါအဝင် နေရာအနှံ့ ရေများဖုံးလွှမ်းနေဆဲ ဖြစ်သည်။ ***(ကမ္ဘာဦး ၈း၁-၄)***
၂။ တနေ့သောအခါ နောဧသည် ရေခမ်းသွားသည့် အခြေအနေကို သိလို၍ကျီအ တစ်ကောင်ကို စေလွှတ်ခဲ့သည်။သို့သော် ထိုကျီးအသည် ပြန်မလာခဲ့ပေ။ ထိုနောက် နောဧသည် ဂျိုးငှက်တစ်ကောင်ကို စေလွှတ်ခဲ့ပြန်သည်။ ထိုဂျိုးငှက်သည် ချက်ခြင်းပြန်လာခဲ့သည်။ တပတ်ကြာပြီးနောက် ထိုဂျိုးငှက်ကို တဖန်စေလွှတ်ခဲ့သည်။ ဤတကြိမ်တွင် ဂျိုးငှက်သည် သူ၏နှုတ်သီး၌ သံလွင်ရွက်ကို ဆိတ်ချီ၍ ပြန်လာခဲ့သည့်အတွက် အားလုံး *ဝမ်းသာခဲ့ရသည်။အဓိပ္ပာယ်မှာ သစ်ပင်များ၏ ထိပ်ဖျားများသည် ရေပေါ်တွင် ပေါ်နေပြီးဖြစ်ကြောင်း သိနိုင်သည်ကို ဆိုလိုခြင်းဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။* ***(ကမ္ဘာ ၈း၆-၁၁)***
၃။ ခုနှစ်ရက် ကြာပြီးနောက် နောဧသည် ဂျိုးငှက်ကို တဖန်စေလွှတ်ခဲ့ပြန်သည်။ ဤတကြိမ်တွင် ဂျိုးငှက်ပြန်မလာတော့ပေ။ ရေးများကျဆင်းသွားပြီး ဂျိုးငှက်သည် နေရာသစ်ကို ရှာတွေ့သွားပြီးဖြစ်ကြောင်း နောဧနားလည်လိုက်သည်။နောက်ဆုံးတွင် သင်္ဘောကြီးသည် အာရရတ် တောင်ပေါ်တွင် တင်သွားလေသည်။ ***(ကမ္ဘာ ၈း၄၊၁၂)***
၄။ မြေကြီးမျက်နှာပြင် ခြောက်သွားသောအချိန်တွင် တရိစ္ဆာများနှင့်အတူ သင်္ဘောထဲမှ ထွက်လာရန် နောဧကို ဘုရားသခင် မိန့်တော်မူ၏။ သူတို့အားလုံးအတွက် အလွန်ကောင်းသော သတင်းစကားကြီး ဖြစ်သည်။ သူတို့သည် သင်္ဘောထဲတွင် အလွန်ကြာမြင့်စွာ နေထိုင်ခဲ့ကြသည်။ နောဧ နှင့် သူ၏ *မိသားစုများ သင်္ဘောကြီးထဲမှ ထွက်လာသောအချိန်တွင် သူတို့မည်ကဲ့သို့ ခံစားကြလိမ့်မည်နည်း။ သင်မည်သို့တွေထင်ပါသနည်း။ ကမ္ဘာမြေကြီးအသစ်သည် မည်ကဲ့သို့ ဖြစ်မည်ကို ကလေးများနှင့်အတူ စူစမ်းရှာဖွေပါ။* ***(ကမ္ဘာဦး ၈း၁၅-၁၉)***
၅။ *နောဧလက်ထပ်က လူများနှင့် ယနေ့ခေတ် ကျွန်ုပ်တို့၏ အသက်တာများသည် ခြားနားမှုမရှိပေ။ ကျွန်ုပ်တို့အသက်တာထဲရှိ မကောင်းသောအရာများကိုလည်း ဘုရားသခင် ယူဆောင်သွားနိုင်ပြီး ကျွန်ုပ်တို့အား အသစ်သော အသက်တာကို ပေးပိုင်နိုင်သည်။ လက်ဝါးကပ်တိုင်တွင် အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့အပြစ်များကို ယူဆောင်ပေးသွားသော သခင်ယေရှုကို ယုံကြည်ကိုးစားပြီး ကျွန်ုပ်တို့အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရရန် ဘုရားသခင်ထံ တောင်းခံရမည် ဖြစ်သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ။နောဧနှင့်သင်္ဘောကြီး

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(၂ကော ၅း၁၇)*** *အတွင်းနှလုံးသားကို ဘုရားသခင် ပြောင်းလဲပေးနိုင်ကြောင်း ရှင်းပြပါ ။*

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ နောဧသည် မည်သည့်ငှက်ကို ပထမဦးဆုံးစေလွှတ် ခဲ့သနည်း။
၂။ ဒုတိယအကြိမ်တွင် ဂျိုးငှက်သည် သူ၏နှုတ်သီး၌ မည်သည့်အရာကို ချီဆောင်လာခဲ့သနည်း။
၃။ သင်္ဘောကြီးသည် မည်သည့်နေရာတွင်တင်နေခဲ့သနည်း။
၄။ နောဧအား သင်္ဘောထဲမှထွက်လာရန် မည်သူပြောခဲ့သနည်း ။
၅။ ရေလွှမ်းမိုးခြင်းဘေးမှ မည်သူတို့လွတ်မြောက်ခဲ့သနည်း။
၆။ မည်သူတို့သည် အပြစ်အတွက် စီရင်ခြင်း ခံခဲ့ကြရသနည်း ။
၇။ နှလုံးသားအသစ်ရရန် မည်သည့်အရာကို ကျွန်ုပ်တို့လုပ်ဆောင်ရမည်နည်း။
၈။ လိုနေသော စကားလုံးကို ဆက်ရေးပါ။ “လူမည်သည်ကာ ခရစ်တော်၌ရှိလျှင်--------------------ဖြစ်၏။”

# (က) ၂ ပုံပြင် (၄)

## ဘုရားသခင်၏ကတိတော် ။ ။ ဤပုံပြင်သည်ကျေးဇူးတော်ချီးမွမ်းသည့် အကြောင်းဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• ဘုရားသခင်သည် သူ၏ ကတိတော်ကို အမြဲထိန်းသိမ်းခဲ့သည်။<br>• နောဧနှင့်သူ၏မိသားစုကို ဘုရားသခင် ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ သူ့အားကိုးစားယုံကြည် သူတိုင်းအတွက် ဘုရားသခင်သည် မည်သည့်အခါ၌မျှ စွန့်ပစ်လိမ့်မည် မဟုတ်ကြောင်း ကတိထားတော်မူ၏။<br><br>**အဓိကသော့ချက်ကျမ်း** *။တောလည်ရာ ၁၀း၂၉ သို့မဟုတ် ဟေဗြဲ ၁၃း၅*<br>**အခြေပြုကျမ်း။** *။ကမ္ဘာ ၈း၂၀-၂၂ နှင့် ၉း၇-၁၇* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ၁။ တစ်စုံတစ်ဦးက သင့်အား ကတိပေးခဲ့သည့် အကြောင်းကို ကလေးများထံ ဥပမာပေးပြီး ပြောပြပါ။<br>၂။ ကလေးများမှလည်း သူတို့အား လူတစ်ဦးတစ်ယောက်က ကတိပေးခဲ့သည့် အကြောင်းကို သူတို့၏အတွဲဖော်နှင့် အပြန်အလှန်ပြောကြရန် သူတို့အားအခွင့်အရေးပေးပါ။<br>၃။ ကတိပေးပြီးမှ ကတိဖျက်သောသူ တစ်ဦးတစ်ယောက် ရှိပါသလား ဟု ကလေးများအားမေးပါ။<br>၄။ သမ္မာကျမ်းစာထဲ၌ ဘုရားသခင်၏ ကတိတော်များနှင့် ပြည့်လျှက်ရှိပြီး၊ ဘုရားသခင်သည် သူ၏ကတိကို မည်သည်အခါ၌မျှ မဖျက်ခဲ့ကြောင်းကို ကလေးများကို ပြောပြပါ။<br>၅။ ဘုရားသခင်အား ယုံကြည်ကိုးစားရန် ကျွန်ုပ်တို့ရွေးချယ်ပါက ကျွန်ုပ်တို့အပေါ်ထားသော သူ၏ကတိတော်များသည် မည်သည့်အခါ၌မျှ ဖျက်လိမ့်မည်မဟုတ်ကြောင်း ကလေးများအားပြောပြပါ။ |
| **သင်ကြားပေးပါ။** | ၁။ နောဧနှင့် သူ၏မိသားစုသည် ကယ်တင်ခြင်း းခံစားခဲ့ရပြီးဖြစ်သည်။ သူတို့သည် သင်္ဘောထဲတွင် အချိန်အတော်ကြာ နေထိုင်ခဲ့ကြရသည်။ သို့သော် ယခုတွင် နောဧမိသားစုနှင့် တရိစ္ဆာန်များ သင်္ဘောထဲမှ ထွက်လာနိုင်ပြီးဟုဘုရားသခင် မိန့်တော်မူခဲ့သည်း။ ***(ကမ္ဘာ ၈း၁၅-၁၉)***<br>၂။ ပထမဦးစွာ နောဧပြုလုပ်လိုသောအရာမှာ သူနှင့်သူ့မိသားစုကို ရေလွှမ်းမိုးခြင်းဘေးမှ ကယ်တင်ခဲ့သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းလိုခြင်းပင် ဖြစ်သည်။ ထို့ကြောင့် နောဧသည် ကျောက်တုံးများကိုစုဆောင်းပြီး ယဇ်ပလ္လင်တည်ဆောက်ခဲ့သည်။ နောဧခေတ်လူတို့သည် သူတို့အတွက် ဘုရားသခင် တစ်ခုခု လုပ်ပေးသောအခါ ကျေးဇူးတင်သည့်အနေဖြင့် ယဇ်ပလ္လင်ပေါ်တွင် ယဇ်ပူဇော်ပြီး ကျေးဇူးတော်ချီးမွမ်းလေ့ရှိသည်။ ***(၈း၂၀-၂၁)*** *ကျွန်ုပ်တို့သည် မည်သည့် အကြောင်းအရာအတွက် ဘုရားသခင်ကို ချီးမွမ်းသင့်သနည်း သင်ပုန်းပေါ်တွင် သို့မဟုတ် စာရွက်ကြီးပေါ်တွင် တစ်ခုစီ သင်ရေးချနိုင်ပါသလား။*<br>၃။ နောဧ ပူဇော်သည့် ကျေးဇူးတော် ချီးမွမ်းခြင်း ယဇ်အတွက် ဘုရားသခင် အားရကျေနပ်ခဲ့သည်။ ထို့နောက် ဘုရားသခင်သည် သူတိုအား အလွန်အံ့ဩဖွယ်ရာ ကတိတစ်ခုကို ပေးခဲ့သည်။ ***(ကမ္ဘာဦး ၈း၂၁-၂၂)***<br>၄။ ဘုရားသခင်၏ ကတိတော်ကို သတိရစေရန်အတွက် သက်သေတစ်ခုကို ဖော်ပြပေးခဲ့သည်။ထို့အရာမှာ သက်တံ့ပင် ဖြစ်သည်။<br>၅။ သက်တံ့ကိုမြင်တိုင်း နောဧနှင့်သူ၏မိသားစုထံ ဘုရားသခင် ထားရှိခဲ့သည့် ကတိတော်ကို ပြန်၍ သတိရစေသည်။ ***(ကမ္ဘာဦး ၉း၁၂-၁၃)*** *သက်တံ့၏ အကြောင်းနှင့် သူ၏လှပသော အရောင်အကြောင်းကို ပြောပါ။ ဘုရားသခင်နှင့် သူ၏ကတိတော်များအကြောင်း စဉ်းစားရန် ကလေးများအား ခွန်အားပေးပါ။*<br>*၆။ နောဧထံပေးခဲ့သော ကတိတော်ကို ဘုရားသခင် ထိန်းသိမ်းခဲ့ပါသလား။ ကျွန်ုပ်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားသည့်အခါ သူ၏ကတိတော်ကို မည်သို့ဆက်လက် ထိန်းသိမ်းကြောင်း ကလေးများ နားလည်နိုင်ရန် ကူညီပေးပါ။ (ဒုတိယမြောက် အဓိကသော့ချက်ကျမ်းတွင် ကြည့်ပါ။ )*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။**<br>**ရုပ်ပြ ။** ။နောဧနှင့်သင်္ဘောကြီး ။ |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏အရေးပါမှု့ကို ရှင်းပြပြီးသင်ပေးပါ။ ***(တောလည်ရာ ၁၀း၂၉ သို့မဟုတ် ဟေဗြဲ ၁၃း၅ )*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ၁။ ပုံပြင်အကြောင်း ကလေးများ မည်မျှသတိရကြောင်း သိနိုင်ရန် နောဧပုံပြင် အသီးသီးမှ မေးခွန်းများကို ရွေးချယ်ပါ<br>၂။ နောဧပုံပြင်ကို သင်ယူနေစဉ် ကလေးများ သင်ယူခဲ့သည့် အဓိကသော့ချက်ကျမ်းများကို ပြန်စစ်ပါ ။<br>၃။ ပုံပြင်မှ ကလေးများ သင်ယူခဲ့သည့် အကြောင်းအရာကို စာရေးသားခြင်းဖြင့်သော်လည်းကောင်း ပုံပြင်ထဲမှ သူတို့နှစ်သက်သည့် အပိုင်းကို ရုပ်ပုံရေးဆွဲခြင်းအားဖြင့် သော်လည်းကောင်းပြုလုပ်စေပါ။<br>၄။ သင်္ဘောထဲမှ ထွက်လာသော တရိစ္ဆာန်များ၏ပုံ ၊လူပုံ ၊သက်တံ့ပုံနှင့် ယဇ်ပလ္လင်ပုံများကို ပုံတူများညှက်၍လည်း အဖွဲ့လိုက် သို့မဟုတ် အတန်းလိုက် ပြုလုပ်စေပါ။ |

## (က) ၃ ပုံပြင် (၁)
## ပေတရုကို ယေရှုခေါ်သည် ။ ။ ဤပုံပြင်သည် သခင်ယေရှုနောက်လိုက်ခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ယေရှုအား ကူညီလုပ်ဆောင်သွားမည့်သူနှင့် အနာဂတ်တွင် သူ၏အမှုတော်ကို ဆက်လက်လုပ်ဆောင်သွားမည့်သူကို ယေရှုလိုအပ်နေသည်။
- သူ၏နောက်လိုက်ဖြစ်ရန် ကျွန်ုပ်တို့သည် သူ့အားနာခံပြီး နောက်တော်သို့ လိုက်ရမည်ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** *မသဲ ၄း၁၉*
**အခြေပြုကျမ်း။** *မသဲ ၄း၁၈-၂၂*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ သူငယ်ချင်းများအကြောင်းပြောပါ။ သူတို့၏သူငယ်ချင်းများကို မည်သည့်နေရာတွင် ပထမဦးဆုံးတွေကြောင်း ပြောစေပါ။ သူငယ်ချင်းရှိခြင်းသည် မည်မျှကောင်းကြောင်းကိုလည်း ပြောစေပါ။ မည်ကဲ့သို့သော သူငယ်ချင်း ထားရှိခြင်သည် ကောင်းသနည်း။ (သနားကြင်နာတက်သူ ၊ ကူညီတက်သူ ၊ ယုံကြည်အားထားရသူ-------စသော သူငယ်ချင်းများကို ထားသင့်ကြောင်း အကြံညဏ်ပေးပါ။)
၂။ သခင်ယေရှုတွင်လည်း သူငယ်ချင်းရှိပြီး ထိုသူတို့အထဲမှ အချို့သောသူများအကြောင်းကို ယနေ့သင်ယူသွားမည်ဖြစ်ကြောင်း ရှင်းပြပါ။
၃။ တည်နေရာ - တောင်များဝန်းရံထားပြီး ဂါလိလဲဟု ခေါ်ကြသော ရေအိုင်ကြီးတစ်အိုင် ရှိသည်။ ထိုနေရာတွင် တံငါသည်များ ငါးဖမ်းနေကြသည်။ငါးကိုမည်သို့ ဖမ်းကြောင်း ရှင်းပြပါ။ (ပိုက်များ ၊လှေများ စသည်ဖြင့် ရှင်းပြပါ။) ထိုအလုပ်သည် ပင်ပန်းခတ်ခဲသောအလုပ်ဖြစ်သည်။

### သင်ကြားပေးပါ။

၁။ ယေရှုသည် ပေတရုနှင့် အန္ဒြေ ကိုခေါ်သည်။ ***(မသဲ ၄း၁၈-၁၉)*** ပေတရု နှင့်ယောဟန်သည် ယေရှုအား မြင်ဖူးကြပြီး အလွန်အရေးပါသည့် ပုဂ္ဂိုလ် ဖြစ်ကြောင်း သိကြသည်။ ယခုတွင် သူတို့၏ တံငါသည် အလုပ်ကို စွန့်လွှတ်ပြီး ယေရှုနောက်လိုက်ရန်နှင့် သူ၏အလုပ်ကိုကူညီပေးရန် ယေရှုသည် သူတို့အား အလိုရှိသည်။ ယေရှု အသုံးပြုခဲ့သည့် တိကျသော စကားလုံးကို အသုံးပြု၍ *သူတို့၏ အလုပ်သစ် ဖြစ်သည့် သူတို့အား သခင်ယေရှုခေါ်ဆောင်သည့် အကြောင်းကို ရှင်းပြပါ။ ယေရှုသူတို့အား ဖိတ်ခေါ်လုပ်ဆောင်စေသော အလုပ်မှာ မည်မျှ မှန်မြတ် သနည်း။*
၂။ ပေတရုနှင့်အန္ဒြေ သည် ယေရှုအား ချက်ချင်းလက်ခံခဲ့သည်။ ***(မသဲ ၄း၂၀)*** ဤအလုပ်သည် လုပ်ဆောင်သင့်သော အလုပ်ဖြစ်သည်။ယေရှုနောက်တော်သို့ ချက်ခြင်ထလိုက်ခြင်းဖြင့် သူတို့၏ ဆန္ဒ ကို ပြသခဲ့ကြသည်။*ကလေးများ၏ဘဝတွင် ချက်ခြင်းနာခံသည့် အခြေအနေနှင့် ဤအခြေအနေကို နှိုင်းရှင်ပြပါ။ (ယေရှုသည် သူတို့၏ အသက်တာကို ပြောင်းလဲပေးလိုက်သည့်အတွက် သူတို့စိတ်လှုပ်ရှားကြမည်လော။ ပျော်ရွှင်ကြမည်လော။) ပေတရုနှင် အန္ဒြေ မည်ကဲ့သို့ ခံစားကြမည်ကို စဉ်းစားကြည့်ပါ။ (အဆင့်၂ကလေးများအတွက်) ယခုသူတို့သည် ယေရှု၏ တပည့်တော်များ ဖြစ်သွားကြပြီးဖြစ်ကြောင်း ရှင်းပြပါ။ ဆိုလိုသည်မှာ သူတို့သည် ယေရှုသွားသည့် မည်သည့် နေရာမဆို လိုက်လျောက်ပြီး ယေရှုထံ သင်ယူပြီး ၊ ယေရှုထံ နာခံသွားမည်ဖြစ်သည်။*
၃။ ယာကုပ်နှင့်ယောဟန်ကို ယေရှုခေါ်သည်။ ***(မသဲ ၄း၂၁-၂၂)*** ထိုနေ့မှာပင် နောက်ထက် တံငါသည် နှစ်ဦးကိုလည်း သူနောက်လိုက်ရန် ယေရှုခေါ်ခဲ့သည်။ (အဆင့် ၂)
၄။ *ကျွန်ုပ်တို့အယောက်စီတိုင်းလည်း သူ၏နောက်လိုက်များဖြစ်ရန် ယေရှုအလိုတော် ရှိသည်။ကျွန်ုပ်တို့သည် သူ၏ နောက်လိုက်များ ဖြစ်လျှင် သူ၏အမှုတော်မြတ်အတွက် ကျွန်ုပ်တို့ကို အသုံးပြုနိုင်သည်။ ကျမ်းစာပုံပြင်ထဲရှိ တံငါသည်များကဲ့သို့ပင် သူ၏စကားတော်ကို ကျွန်ုပ်တို့ နားထောင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့အတွက်ရေးထားသော သူ၏ စကားတော်ကို မည်သည့်နေရာတွင် ရှာဖွေတွေ့ရှိနိုင်သနည်း။ (သမ္မာကျမ်းစာ၏ အရေးကြီးပုံကို ဖော်ပြပါ။)*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ။ယေရှုသည် သူ၏ပထမဆုံးသော တပည့်တော်များကို ခေါ်သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းကို သင်ပေးပါ။ "လူကိုမျှားသော တံငါ "ဆိုသည့် စကားလုံးအပေါ် ကလေးများ၏ နားလည်သဘောပေါက်မှုကို စမ်းစစ်ပါ။ ***(မသဲ ၄း၁၉)***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ ယေရှုသည် တံငါသည်မည်မျှကို တပြိုင်နက်ခေါ်ခဲ့သနည်း။
၂။ သူတို့သည် မည်သည့်နေရာတွင် အလုပ်လုပ်နေကြသနည်း။
၃။ အန္ဒြေ ၏ အစ်ကိုမှာ မည်သူနည်း။
၄။ ယရှုသည် ထိုသူတို့အား မည်ကဲ့သို့သောသူ ဖြစ်စေမည်ဟု ကတိပေးခဲ့သနည်း။
၅။ ယေရှုနောက်တော်သို့ လိုက်ခဲ့ကြသည့်အချိန်တွင် ပေတရုနှင့် အန္ဒြေ တို့သည် မည်သည့်အရာများကို ချန်ထားခဲ့သနည်း။
၆။ သူတို့သည် ယေရှု၏ တပည့်တော်များ အမှန်တကယ် ဖြစ်ကြောင်းကို ပေတရုနှင့်အန္ဒြေ တို့သည် မည်သို့ သက်သေပြခဲ့သနည်း။
၇။ ဒုတိယအကြိမ် ယေရှုတွေ့ရှိသော ညီအစ်ကိုနှစ်ဦးမှာ မည်သူတို့နည်း။
၈။ ယေရှုလာသောအချိန်တွင် ပေတရုနှင့်ယောဟန်တို့သည် မည်သည့်အရာလုပ်ဆောင် နေကြသနည်း။
၉။ လှေထဲ၌ သူတို့နှင့်အတူ မည်သူရှိသနည်း။
၁၀။ ဤစာကြောင်းကို ပြီးအောင်ဆက်ရေးပါ ။ ကျွန်ုပ်တို့သည် ယေရှု၏ နောက်လိုက်များ ဖြစ်လိုပါက သူ၏စကားတော်ကို ကျွန်ုပ်တို့ --------ရမည်။

## (က) ၃ ပုံပြင် (၂)

**ပေတရုကို ယေရှုကူညီပေးသည် ။ ။ ဤပုံပြင်မှာ သူသည် မည်မျှ အပြစ်ကြီးသူဖြစ်ကြောင်း ပေတရုသင်ယူသည့် အကြောင်းဖြစ်သည်။**

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• ယေရှု၏ တန်ခိုးတော်သည် ပေတရု၏ အသက်တာ၌ အကျိုးသက်ရောက်မှု ရှိစေရန် ပြုလုပ်ပေးသည်။<br>• ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်သည်။ ပေတရုကဲ့သို့ ကျွန်ုပ်တို့အားလည်း သူ၏ နောက်တော်သို့ လိုက်စေလိုသည်။<br><br>**အဓိကသော့ချက်ကျမ်း** *။လုကာ ၅း၁၀-*<br>**အခြေပြုကျမ်း။** *။လုကာ ၅း၁-၁၁* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ၁။ သူတို့အကောင်းဆုံး လုပ်ဆောင်နိုင်သည့် အရာကို ကလေးများအားစဉ်းစားစေပါ။ ကျွန်ုပ်တို့အယောက်စီတိုင်း၌ အရည်အချင်းအစွမ်းအစများ ရှိကြကြောင်း ကလေးများကို အသိပေး နှိုးဆော်ပါ။<br>၂။ ပေတရုသည် ငါးဖမ်း ကျွမ်းကျင်သည်။တံငါသည်အလုပ်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည်။ သို့သော် ယနေ့ပုံပြင်အရ ပေတရု၏အသက်တာ၌ အောင်မြင်ခြင်းရရှိရန်အတွက် ယေရှု၏နည်းဥပဒေသကို နာခံရန် ပေတရု သင်ယူဖို့လိုအပ်သည်။ (တခါတရံ ပေတရုကို ရှိမုန် သို့မဟုတ် ရှိမုန်ပေတရု ဟု ခေါ်လေ့ ရှိကြောင်း သင်ရှင်းပြရန် လိုအပ်သည်။) |
| **သင်ကြားပေးပါ။** | ၁။ သင်ခန်းစာ၏ နောက်ခံအကြောင်းအရာကို ပြောပြခြင်းဖြင့် ကလေးများကိုနှိုးဆော်ပါ။ ယနေ့ပုံပြင်ထဲ၌ သခင်ယေရှုသည် ပေတရု၏ လှေကို အသုံးပြုပြီး လူအုပ်ကြီးအား ဘုရားသခင်၏ စကားတော်ကို သင်ကြားပေးခဲ့သည်။ ***(လုကာ ၅း၁-၃ )***<br>၂။ ယေရှုသည် ပေတရုအား အမိန့်ပေးလိုက်သည်။ရေနက်ရာသို့ သွား၍ ပိုက်ကွန်ကို ချလော့ဟု အမိန့်တော် ရှိခဲ့သည်။ ***(လုကာ ၅း၄-၅)*** *ဤအကြောင်းအရာနှင့် ပတ်သက်၍ ပေတရု၏ခံစာချက်ကို စဉ်းစားကြည့်ပါ။*<br>၃။ များစွာသော ငါးတို့ကို ဖမ်းမိခဲ့သည်။ ***(လုကာ ၅း၆-၇)*** *ယခုဖမ်းယူရရှိသော ငါးအရေအတွက်နှင့် မနေ့ည အခြေအနေ သိသိသာသာ ကွဲပြားကြောင်း သိရှိစေခဲ့သည်။* ဤအရာသည် အံ့ဖွယ်နမိတ်လက္ခဏာပင်ဖြစ်သည်။ ငါးကိုဖန်ဆင်းသော အရှင်သည် ပေတရုနှင့်အတူ  လှေထဲ၌ရှိနေပြီး သူ၏တန်ခိုးတော်အားဖြင့် ငါးများကို ပေတရု၏ပိုက်ကွန်ထဲသို့ ဝင်ရောက်စေခဲ့သည်။<br>၄။ ပေတရု၏ တုန့်ပြန်မှု ***(လုကာ ၅း၈-၉)*** ယေရှုသည် မည်သူ ဖြစ်ကြောင်း ပေတရုသိခဲ့ရသည့် အသစ်သောနည်းလမ်းကိုပြောပြပါ ။ ယေရှုသည် ပေတရုတို့ကဲ့သို့ သာမာန်လူမဟုတ်ပေ ။သူသည် ဘုန်းတန်ခိုးနှင့် ပြည့်စုံသော သူဖြစ်ပြီး သူနှင့်နှိုင်းယှဉ်လျှင် မိမိသည် မည်မျှ အပြစ်ကြီးသောသူ ဖြစ်ကြောင်း ပေတရု သိလာခဲ့ရသည်။<br>၅။ ပေတရု၏ အလုပ်သစ် ***(လုကာ ၅း၁၀)*** ယေရှုသည် ပေတရုအား ယခုမှစ၍“လူကိုမျှားသော တံငါသည် ဖြစ်စေမည်” ဟု မိန့်တော်မူခဲ့သည်။ပြီးခဲ့သည့် အပတ်က ပြောခဲ့သည့် ဤစာကြောင်း၏ အဓိပ္ပာယ်ကို ကလေးများနားလည် မလည် ပြန်စစ်ဆေးပါ။ သခင်ယေရှုသည် သူအား ပို၍အရေးကြီးသောအရာ တစုံတခု လုပ်စေလိုကြောင်း ပေတရုသိလာခဲ့သည်။အရာအားလုံးကို သူထားခဲ့ပြီးယေရှုနောက်တော်သို့ လိုက်ခဲ့သည်။ ***(လုကာ ၅း၁၁)***<br>၆။ *သခင်ယေရှုသည် သူ၏ တန်ခိုးတော်နှင့် ကြီးမြတ်ခြင်းကို ကျွန်ုပ်တို့အား နားလည်သဘောပေါက်စေလိုသည်။ကျွန်ုပ်တို့၏ အသက်တာထဲတွင် သူကို ရရှိပိုင်နိုင်သည်။ ကျွန်ုပ်တို့သည် ပေတရုကဲ့သို့ သူအားနာခံရန်နှင့် သူ၏နောက်တော်သို့ လိုက်ရန် ရွေးချယ်ပါက ကျွန်ုပ်တို့၏ အသက်တာခြားနားပြီး ပြောင်းလဲအောင် သူလုပ်ပေးနိုင်သည်။*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။** |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(လုကာ ၅း၁၀)*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ၁။ ပေတရုပိုင်သည့် မည်သည့်အရာကို ယေရှု အသုံးပြုခဲ့သနည်း။<br>၂။ လူအုပ်ကြီးထံ တရားဟောပြီးနောက် ယေရှုသည် ပေတရုအား မည်သည့်အရာကို လုပ်ဆောင်စေခဲ့သနည်း။<br>၃။ ပေတရု နောက် ဆုံးငါးဖမ်းသော အချိန်မှာ မည်သည့်အချိန်နည်း။<br>၄။ ငါးများစွာ ဖမ်းမိခြင်းအားဖြင့် ပေတရု မည်သို့ ရှင်းလင်းစွာသိသွားခဲ့သနည်း။<br>၅။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည့်အတွက်ကြောင့် သူအထူးပြုလုပ်နိုင်သောအရာကို မည်သို့ ခေါ်သနည်း။<br>၆။ ယေရှု၏ ရှေ့တော်မှောက်တွင် ပေတရု အဘယ်ကြောင့်ဒူထောက်ခဲ့သနည်း။<br>၇။ ငါးများစွာ ဖမ်းမိခြင်းအားဖြင့် မည်သူများ အံ့သြခဲ့ကြသနည်း။<br>၈။ ယေရှုသည် ပေတရုအား ယခုမှစ၍ မည်သည့်အရာ ဖြစ်မည်ဟု ပြောခဲ့သနည်း။<br>၉။ ပုံပြင်၏ အဆုံးတွင် ပေတရုနှင့်သူ၏ သူငယ်ချင်းများ မည်သည့်အရာလုပ်ခဲ့ကြသနည်း။<br><br>**ပြသခြင်း** ။သင်သည် ကျောင်းတွင် ဆရာတဦးဖြစ်ပါက ခဲတံ ၊ စာရွက် ၊ကပ်ကြေး များကိုယူပြီး ကလေးများအားငါးပုံဆွဲစေပြီး ကပ်ကြေးဖြင့် ညှက်စေပါ ။ငါးများ အားလုံးကို ပြသထားစေပါ။ပုံပြင်ကို ကလေးများအား သတိပေးသည့်အနေဖြင့် ခေါင်းစဉ်တခု ကိုပေးပါ။ ဥပမာ ပေတရုငါးများစွာ ဖမ်းမိနိုင်ရန် ယေရှုကူညီပေခဲ့သည်။ |

<u>(က) ၃ ပုံပြင် (၃)</u>

## မုန်တိုင်းကို ယေရှုငြိမ်သက်စေသည် ။ ။ဤပုံပြင်သည် သခင်ယေရှု၏ တန်ခိုးတော် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ယေရှုသည် ဘုရားသခင်၏သားတော် ဖြစ်တော် မူသောကြောင့်မုန်တိုင်းကို ငြိမ်သက်စေခဲ့သည်။
- ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်ကြောင်းကို ကျွန်ုပ်တို့ယုံကြည်ရန် လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *။မသဲ ၈း၂၇*
**အခြေပြုကျမ်း။** *။မသဲ ၈း၂၃-၂၇*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

၁။ အစတွင် ကလေးများ ကောင်စွာနာလည်ထားသည့် ရာသီဥတုအကြောင်းပြောပါ။ ရာသီဥတုသည် လျှင်လျှင်မြန်မြန် ပြောင်းလဲသွားလေ့ရှိပါသလား။ ဥပမာအားဖြင့် ပြင်းထန်စွာ ရွာသွန်းနေသော မိုးကိုသင်ဖမ်းနိုင်ပါသလား။
၂။ ပြင်သောလေ၏ အကျိုးသက်ရောက်မှုနှင့်ရွက်လွှင့်နိုင်ရန် ရာသီဥတုသည် မည်ကဲ့သို့ လုပ်ဆောင်ပေးကြောင်း ပြောပါ။ ဤပုံပြင်တွင် ယေရှုနှင့် တပည့်တော်တစုသည် ရွက်လွှင့်၍ ဂါလိလဲအိုင်ကို ဖြတ်ကူးနေကြသည်။

**သင်ကြားပေးပါ။**

၁။ ငြိမ်သက်သောအနေအထားနှင့် အစပြုပါ။ အေးအေးချမ်းချမ်းရှိသောအခြေအနေဖြစ်ပြီး မကြာမီ ယေရှုအိပ် ပျော်သွားခဲ့သည်။ ***(မသဲ ၈း၂၃-၂၄)***
၂။ မုန်တိုင်း။ မကြာမီ အလွန်ပြင်းထန်သည့် မုန်တိုင်း တိုက်ခတ်လာပြီး တပည့်တော်များ အထိန့်တလန့် ဖြစ်သွားကြသည်။ ***(မသဲ ၈း၂၄)*** အခြေအနေဆိုးနှင့် ကြုံတွေ့ရပုံ ။ဆူညံသံများ နှင့်အတူ ရေလှိုင်းများပုတ်ခတ်၍ လှေအတွင်းသို့ ဝင်လာတော့သည်။ ရေများကို ကြိုးစား၍ ပတ်ထုတ်ကြသည်။
၃။ တပည့်တော်များ ကြောက်ရွံ့ခြင်း *။သူတို၏လှေ နှစ်မြှုပ်သွားတော့မည်ဟု သူတို့ တွေးထင်သည့်အတွက် တပည့်တော်များ* အလွန်ကြောက်ရွံ့နေကြသည့် အကြောင်းကို ရှင်းပြပါ။ သူတို့အား ကယ်တင်ရန် ယေရှုအား နှိုးလိုက်ကြသည်။ သူတို့ပြောသော စကားလုံးကိုသုံးပါ။ ***(မသဲ ၈း၂၅)*** တပည့်တော်တို့သည် ယေရှုအပေါ် ယုံကြည်ခြင်းမရှိသည့်အတွက် ယေရှုစိတ်ပျက်ခဲ့ရသည်။ *ယုံကြည်ခြင်းရှိခြင်းသည် ဘုရားသခင်ကို ကိုးစားခြင်းဖြစ်ကြောင်း ရှင်းပြပါ။* ***(မသဲ ၈း၂၆)***
၄။ ယေရှု၏ တန်ခိုးတော် ။ ထို့နောက် ယေရှုသည် မုန်တိုင်းကို ငြိမ်သက်စေခဲ့သည်။ ***(မသဲ ၈း၂၆) မာကု ၄း၃၉*** *တွင်လည်းကြည့်ပါ။ မုန်တိုင်းသည် လုံးလုံးငြိမ်သက်သွားသည်။*
၅။ တပည့်တော်များ အံ့သြခဲ့ရသည်။ ***(မသဲ ၈း၂၇)*** *လေနှင့်ပင်လယ်ကို ငြိမ်းသက်စေနိုင်သော ယေရှု၏ တန်ခိုးတော်ကို တပည့်တော်များတွေ့မြင်သောအခါ ယေရှုသည် သူတို့နှင့် မတူဘဲ ထူးခြားသည့်သူ ဖြစ်ကြောင်း သူတို့နားလည်ခဲ့ရသည့်အကြောင်းကို ရှင်းပြပါ။*
၆။ *ယေရှုသည် လေမုန်တိုင်းကို အဘယ်ကြောင့် ငြိမ်သက်စေနိုင်ကြောင်း ကလေးများ သေချာနားလည်စေရန် ရှင်းပြပါ။ သူသည် အရာအားလုံးကို ဖန်ဆင်းသည့် ဘုရားသခင်၏ သားတော်ဖြစ်သည်။*
၇။ *ကျွန်ုပ်တို့ ကမ္ဘာရှိ အရာအားလုံးကို ထိန်ချုပ်နိုင်သော တန်ခိုးတော် သူတွင်ရှိသည်။ ရာသီဥတုလည်း အပါအဝင်ပင် ဖြစ်သည်။ ကလေးများ၏ အသက်တာ အခြေအနေတိုင်တွင် သခင်ယေရှုကို အားကိုးတက်ရန်နှင့် သူသည် အရာအားလုံးကို ထိန်းချုပ်ထားကြောင်းကို ကလေးများနားလည်သဘောပေါက်ရန် ရှင်းပြပါ။*
၈။ *ယေရှုသည် ဘုရားသခင်၏ သားတော်အမှန်ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ရန် လိုအပ်သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ယေရှုမုန်တိုင်းကို ငြိမ်သက်စေသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(မသဲ ၈း၂၇)***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

၁။ ဤပုံပြင်သည် မည်သည့်နေရာတွင် ဖြစ်ပျက်သော အဖြစ်အပျက် ဖြစ်ပါသနည်း။
၂။ လှေထဲသို့ရှေဦးစွာ ဆင်းသွားသောသူမှာ မည်သူနည်း။
၃။ လေမုန်တိုင်းတိုက်ခတ်သည့်အခါ ရေလှိုင်များ ဘာဖြစ်သွားသနည်း။
၄။ လေမုန်တိုင်း စတင်တိုက်ခတ်သောအခါ ယေရှု ဘာလုပ်နေသနည်း။
၅။ တပည့်တော်တို့သည် အဘယ်ကြောင့် ယေရှုအား နှိုးခဲ့ကြသနည်း။
၆။ သူတို့နှင့်ပတ်သက်၍ ယေရှု အဘယ်ကြောင့် စိတ်ပျက်ခဲ့ရသနည်း။
၇။ ယေရှု ရပ်တန့်စေသော အရာနှစ်ခုမှာ အဘယ်နည်း။
၈။ အဓိကသော့ချက်ကျမ်းကို မည်သည့်နေရာတွင် တွေ့ရသနည်း။
၉။ မုန်တိုင်းငြိမ်သက်စေရန် တပည့်တစ်ယောက်မျှ မလုပ်နိုင်သောလည်း ယေရှုသည် အဘယ်ကြောင့် လုပ်နိုင်ခဲ့သနည်း။
၁၀။ ယေရှုပြုလုပ်ခဲ့သည့် အံ့ဖွယ်အရာကို မည်သို့ နာမည်ပေးထားသနည်း။

**လုပ်ဆောင်စေပါ။** ။တပည့်တော် ၁၂ ဦး လှေထဲတွင် ထိုင်နေသည့်ပုံဖြင့် ဤဇာတ်လမ်းကို ပြဇာတ် ပြုလုပ်ပါ။အခြားသူများက လေမုန်တိုင်း၏ အသံကို ပြုလုပ်နိုင်ပါသည်။ ကြီးသောကလေးက ဦးဆောင်ပြီး ပုံပြင်ဇာတ်ကြောင်းကို ပေါ်လွင်စေရန် အမူအရာ အမျိုးမျိုးဖြင့် ဖတ်ပြပြီး သင့်လျော်သော စကားလုံးများကို ပြောစေပါ။

<u>(က) ၃ ပုံပြင် (၄)</u>

## ပေတရုကို ယေရှုကယ်တင်ခဲ့သည် ။ ။ဤပုံပြင်သည် ပေတရု၏ အတိုဆုံး ဆုတောင်းချက် ဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• ပေတရု၏ အတိုဆုံး ဆုတောင်းချက်ကို တုန့်ပြန်၍ ယေရှုသည် ပေတရုအား ကယ်တင်ခဲ့သည်။<br>• ကယ်တင်ခြင်း ခံစားရရန် သခင်ယေရှုကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားရမည် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်း** *။မသဲ ၁၄း၃၃*<br>**အခြေပြုကျမ်း။** *။မသဲ ၁၄း၂၂-၃၃* |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ၁။ လူတစ်ယောက်နှင့်အတူ အချိန်ကြာကြာ နေထိုင်သည့်အခါ ထိုသူ၏ အကြောင်းကို ပို၍သိရကြောင်း ရှင်းပြပါ။ ပြီးခဲ့သည့် သင်ခန်းစာက ပေတရုသင်ယူခဲ့သည့် ယေရှုအကြောင်းကို ကလေးများ ပြန်၍သင်ယူနိုင်ရန် သင်ကူညီပေးနိုင်သည်။<br>၂။ သူတို့၏စဉ်းစားဉာဏ်ကို ထုတ်ဖော်ခွင့်ပြုပါ။သင်၌ မှတ်စုတခုခု ရှိပါက သူတို့အားမှတ်သားပါ ။ ဥပမာ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည်။ အံ့သြဖွယ်နမိတ်လက္ခဏာများကို ပြုလုပ်နိုင်သူဖြစ်သည်။ သူတွင် ပင်လယ်ကို ထိန်းချုပ်နိုင်သော တန်ခိုးတော် ရှိသည်။<br>၃။ ယနေ့ ဤပုံပြင်ထဲ၌ ပေတရုသည် ယေရှု၏ အကြောင်းကို ပိုမိုသင်ယူ ခဲ့ရသည်။ |
| သင်ကြားပေးပါ။ | ၁။ ယေရှုသည် တစ်ဦးတည်းဆုတောင်းနေစဉ် တပည့်တော်များကို လှေနှင့် ထွက်ခွါစေခဲ့သည်။ ***(မသဲ ၁၄း၂၂-၂၃)***<br>*ယေရှု၏အသက်တာတွင် ဆုတောင်းခြင်းသည် မည်မျှ အရေးကြီးကြောင်းရှင်းပြပါ။*<br>၂။ မုန်တိုင်း ***(မသဲ ၁၄း၂၄)*** *ပြီးခဲ့သည့်သင်ခန်းစာက မုန်တိုင်းအကြောင်းကို ပြန်အစဖော်ပြီး မုန်တိုင်းတစ်ခုအကြောင်းကို ပြောပါ။*<br>ညသန်ခေါင်အချိန်တွင် တပည့်တော်များ ဒုက္ခရောက်နေသည်ကို ယေရှုမြင်သည့်အတွက် ရေပေါ်တွင် လမ်းလျှောက်ပြီးသူတို့ထံသွားခဲ့သည်။ ***(မသဲ ၁၄း၂၅-၂၇)*** *တပည့်တော်တို့၏ခံစားချက်နှင့် တွေးထင်ချက်ကို ဖော်ပြပါ။*<br>*ယေရှု၏ခွန်အားပေးသော စကားကို မှတ်သားပါ။*<br>၃။ ပေတရု၏တောင်းဆိုချက်။ ။အမှန်ပင် ယေရှု ဖြစ်သည်မဖြစ်သည်ကို ပေတရု သိလိုသည်။ ထို့ကြောင့် သူ့အားလည်း ရေပေါ်မှလမ်းလျှောက်လာခွင့်ပြုရန် တောင်းလျှောက်ခဲ့သည်။ လာခဲ့လော့ ဟု ယေရှုမိန့်တော်မူခဲ့သည်။ ထိုအခါ ပေတရုသည် လှေထဲမှ ထွက်၍ ယေရှုထံသို့ လှမ်းသွားခဲ့သည်။ ***(မသဲ ၁၄း၂၈-၂၉)*** ယေရှုအား စေ့စေ့ ကြည့်၍ သွားနေစဉ် ပေတရုသည် ကောင်းစွာ လှမ်းသွားနိုင်ခဲ့သည်။ သို့သော် ဘေးပတ်ဝန်းကျင်ရှိ လှိုင်းလုံးများကို သူကြည့်မိသောအခါ စတင်နစ်မြုပ်သွားသည်။<br>၄။ ပေတရုအား ယေရှုကယ်တင်ခဲ့သည်။ *သူ့အားကယ်တင်ရန်အတွက် ပေတရု ချက်ခြင်း လျှောက်ဆိုသော စကားလုံးကို အသုံးပြုပါ။* ***(မသဲ ၁၄း၃၀-၃၁)*** ထို့နောက် သူတို့နှစ်ဦး လှေထဲသို့ဝင်ရောက်ပြီး မုန်တိုင်း ငြိမ်သက်သွားသည်။ထိုအဖြစ်အပျက်များ *ဖြစ်သွားချိန် တပည့်တော်များ၏ အမူအရာကို ဖော်ပြပါ။* ***(မသဲ ၁၄း၃၅)***<br>၅။ *ပေတရုလိုအပ်နေသော အရာမှာ နစ်မြုပ်ခြင်းမှ ကယ်တင်ခြင်း ခံစာရရန် ဖြစ်သည်။ကျွန်ုပ်တို့ အသက်တာတွင်းလည်း အပြစ်မှ ကယ်တင်ခြင်း ခံစားရရန် လိုအပ်နေသည်။သခင်ယေရှု တပါးတည်းသာ ကျွန်ုပ်တို့အတွက် ပြုလုပ်ပေးနိုင်သည်။ ယေရှု ကားတိုင်ပေါ်တွင် အသေခံသည့်အချိန်တွင် ကျွန်ုပ်တို့အပြစ်ဒဏ်များ အားလုံးကို ယူဆောင်သွားပြီးဖြစ်သည်။သူအား ကျွန်ုပ်တို့ ယုံကြည်ကိုးစားရန် ဖြစ်သည်။*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။**<br>**ရုပ်ပြ ။** ။ရေပေါ်တွင် ယေရှုလှမ်းသွားသည်။ |
| သင်ယူစေပါ | အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(မသဲ ၁၄း၃၃)***<br>*ကိုးကွယ်ခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြပါ။ ယေရှု၏အကြောင်းကို တပည့်တော်များသင်ယူခဲ့ကြသည့် အချိန်တွင် အံ့သြပြီး ဝမ်းမြောက်ခြင်းနှင့် ပြည့်ခဲ့ရသည်။ နေရာတိုင်းတွင် ရှိသည့် သခင်ယေရှုကိုချစ်သော သူများအတွက် ဤအချက်သည် သူတို့စိတ်နှလုံးထဲမှ ဖော်ပြနိုင်သော အံ့ဖွယ် ဖြစ်ရပ်ပင် ဖြစ်ကြောင်း ရှင်းပြပါ။* |
| သင်ခန်းစာကို မှတ်မိသတိရစေပါ။ | ညဏ်စမ်းမေးခွန်းများသည် (က. ၃) ၌ ရှိသော ပုံပြင်အားလုံး အပေါ်အခြေခံ၍ မေးရမည်ဖြစ်သည်။ သင်၌ စက္ကူကဒ်များရှိလျှင် မတူညီသည့် ငါးပုံအမျိုးမျိုးကို ဆွဲနိုင်သည်။မေးခွန်းများကို ဖြေဆိုရာတွင် အရှေ့တွင် ပြသထားသည့် ငါးပုံများကို ကလေးများအား ရွေးချယ်စေပါ။ ငါးတစ်ကောင်းချင်းစီတွင် နံပါတ်အရေအတွက်များ ရေးသားထားရမည် ဖြစ်သည်။အဖွဲ့နှစ်ဖွဲ့ခွဲစေပြီး တစ်ဖွဲ့ချင်းစီအတွက် ရမှတ်များကို ပေါင်းထည့်ပေးရမည်ဖြစ်သည်။<br><br>၁။ ဤပုံပြင်များ အားလုံးသည် မည်သည့် နေရာတွင် ဖြစ်ပျက်ခဲ့သနည်း။<br>၂။ ကျမ်းချက်ကို အဆုံးသတ်ပါ။ “ငါ့နောက်သို့ လိုက်ကြလော့ ။------------ငါပြုမည်။ ”<br>၃။ ဤစကားကို မည်သူထံ ယေရှုပြောခဲ့သနည်း။<br>၄။ ငါးများစွာ ဖမ်းမိသည်ကို မြင်တွေ့သောအခါ ပေတရု ဘာလုပ်သနည်း။<br>၅။ ကျမ်းချက်ကို အဆုံးသတ်ပါ။ ဤသူသည် အဘယ်သို့သောသူနည်း။<br>၆။ ယေရှုသည် အဘယ်ကြောင့်တောင်ပေါ်သို့ တက်သွားသနည်း။<br>၇။ မည်သည့်အရာက တပည့်တော်များကို ကြောက်လန့်စေခဲ့သနည်း။<br>၈။ ဤပုံပြင်ထဲတွင် ယေရှုအကြောင်းနှင့်ပတ်သတ်၍ မည်သည့် အရာကို ပေတရု သင်ယူ ခဲ့သနည်း။ |

## (က) ၄ ပုံပြင် (၁)

## ပေတရုအိပ်ပျော်ခဲ့သည် ။ ။ဤပုံပြင်သည် ခမည်းတော်ထံ ယေရှုဆုတောင်းသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- သခင်ယေရှုအသက်တာ၌ ဆုတောင်းခြင်းသည် အလွန်အရေးကြီးသည်။
- ကျွန်ုပ်တို့အသက်တာတွင်လည်း ဆုတောင်းရန် အလွန်အရေးကြီးလှသည်။

**အဓိကသော့ချက်ကျမ်း** *။ယော ၁၅း၁၄*
**အခြေပြုကျမ်း။** *။ယော ၂၆း၃၆-၄၆*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ ကလေးများအတွက် ခက်ခဲသောအရာ အကြောင်းပြောပါ။ ဥပမာ တာဝေးပြေး ကစားနည်းကို နောက်ဆုံးမှ ပြေးနေရခြင်း ၊ စဉ်စားရခြင်း ၊အလွန် ထူးခြားသည့်အစီအစဉ်အတွက် နောက်ကျမည်စိုး၍ နိုးနိုးကြားကြား နေရခြင်း စသည်တို့ဖြစ်သည်။
၂။ ယနေ့ပုံပြင်ထဲတွင် သခင်ယေရှုသည် သူ၏ သူငယ်ချင်း ပေတရုထံမှ အထူးအကူအညီ လိုအပ်နေသည်။ သခင်ယေရှု သူအားတောင်းဆိုသည့်အရာကို သူလုပ်နိုင် မလုပ်နိုင် လေ့လာကြပါစို့ ။

### သင်ကြားပေးပါ။

၁။ *ဤပုံပြင်၏ နောက်ခံသမိုင်း အကြောင်းကို ရှင်းပြပါ။* သူလက်ဝါးကပ်တိုင်ပေါ်တွင် အသေခံရမည့် အချိန်သည် မကြာမီ ရောက်လာတော့မည် ဖြစ်ကြောင်း ယေရှု သိထားသည်။ နောက်ဆုံးအကြိမ် ညစာစားပွဲကိုလည်း တပည့်တော်များနှင့်အတူ လုပ်ဆောင်ပြီးဖြစ်သည်။ ယေရှုသည် သူ၏ ခမည်းတော်ထံ ဆုတောင်းလေ့ ရှိပြီး ရှေ့တွင် ရင်ဆိုင်ရမည့် အခြေအနေနှင့် ပတ်သက်၍ ဆုတောင်းရန် အလွန်အရေးကြီးကြောင်း သူသိထားသည်။ သူဆုတောင်းလေ့ရှိသော ဥယျာဉ်တော်သို့ သူ၏တပည့်တော်များကို ယေရှုခေါ်သွားခဲ့သည်။ ယနေ့ညတွင် ပေတရု ၊ယောဟန် ၊ ယာကုပ် တို့ကို သူ၏ အနီးအနားတွင် စောင့်စေပြီး ဆုတောင်းပေးနေရန် ယေရှုအလိုရှိခဲ့သည်။
၂။ ပေတရု ၊ယောဟန် ၊ယာကုပ်တို့အား နိုးနိုးကြားကြား နှင့် ဆုတောင်းပြီး စောင့်နေရန် ယေရှုညွှန်ကြားခဲ့သည်။ ***(မသဲ ၂၆း၃၆-၃၇)*** ထိုနောက် ယေရှုသည် ခပ်လှမ်းလှမ်း နေရာသို့ သွားပြီး သူ၏ ခမည်းတော်ထံ ဆုတောင်းနေခဲ့သည်။ *ယေရှုမည်သို့ ခံစားနေရသည်ကို ရှင်းပြပါ။ အရာရာတိုင်း၌ သူ့ခမည်းတော်၏ အလိုကို ဆောင်လိုကြောင်း ယေရှု၏ ဆုတောင်းခြင်းအားဖြင့်ဖော်ပြနေသည်။* ***(မသဲ ၂၆း၃၈-၃၉)*** နာရီ အနည်းငယ် ကြာပြီးနောက် ပေတရုနှင့်အခြားနှစ်ယောက်တို့သည် အိပ်ပျော် နေကြသည်ကို ယေရှုတွေ့ခဲ့သည်။*ယေရှု မည်မျှ စိတ်ပျက်သွားမည် ဖြစ်ကြောင်း ပြောပြပါ။* ***(မသဲ၂၆း၄၀-၄၁)***
၃။ ဒုတိယအကြိမ် ယေရှု ဆုတောင်းပြီးနောက်တွင်လည်း သူ၏သူငယ်ချင်းများ အိပ်ပျော် နေကြသည်။ ***(မသဲ ၂၆း၄၂-၄၃)***
၄။ တတိယအကြိမ် ယေရှုဆုတောင်းပြီး ပြန်လာသောအချိန်တွင်လည်း သူတို့အိပ်ပျော် နေကြသည်။ ပေတရုနှင့် သူ၏သူငယ်ချင်းများသည် ယေရှုအားမည်မျှစွန့်ပစ်ထားကြကြောင်း ဆွေးနွေးပါ။ ဆုတောင်းရန်လိုအပ်နေသော အချိန်ဖြစ်သည့် ဤခက်ခဲသော အချိန်မှုပင်လျှင် သူတို့အတွက် သူတို့ ဆုတောင်းရမည့်အရာကိုပင် သူတို့ မလုပ်နိုင်ခဲ့ကြပေ။ ***(မသဲ ၂၆း၄၄-၄၅)***
၅။ ထိုအချိန်မှာပင် ယေရှုအား ဖမ်းဆီးရန် ရန်သူများ ရောက်လာကြသည်။ ***(မသဲ ၂၆း၄၅-၄၆)***
၆။ *နောက်ဆုံးအနေဖြင့် ဆုတောင်းခြင်းသည် ကျွန်ုပ်တိုအတွက် မည်မျှ အရေးကြီးကြောင်း ဖော်ပြပါ။ ဆုတောင်းခြင်းအားဖြင့် စုံစမ်းနှောက်ယှက်ခြင်းကို အောင်နိုင်ရသော အခွင့်နှင့် ဘုရားသခင်ထံမှ ကူညီမစမှုကို ခံစားနိုင်သည်။ ဤအခြေအနေနှင့်ဆက်စပ်သည့် ဥပမာ အချို့ကို ကလေးများထံပြောပြပါ။*
၇။ *ပေတရုနှင့်သူ၏သူငယ်ချင်းနှစ်ယောက်တို့အား ဆုတောင်းပြီး စောင့်နေရန် ယေရှု မိန့်ကြား ခဲ့သော်လည်း သူတို့ မနာခံခဲ့ကြပေ။ သို့သော် သူ၏ အမိန့်တော်ကို နာခံရန် ယေရှု အလိုတော်ရှိသည်။*
၈။ *တပည့်တော်များ၏ နှိုင်းယှဉ်ကြည့်လျှင် ယေရှုသည် ကျွန်ုပ်တို့အား စွန့်ပစ်မထားပါ။ ကျွန်ုပ်တို့အတွက် သူ၏အသက်ကို ပေးရန်နှင့် လက်ဝါးကပ်တိုင်ပေါ် တက်ရန် ဆုတောင်းခြင်းဖြင့်ခွန်အား ယူခဲ့သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ဂေသရှေမန် ဥယျာဉ်တွင် ယေရှု ဆုတောင်းခဲ့သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ယော ၁၅း၁၄)*** ယေရှု၏ မိတ်ဆွေများ ဖြစ်ရခြင်းသည် အခွင့်အရေးတရပ် ဖြစ်ကြောင်း ကလေးများ နားလည်သဘောပေါက်စေရန် ကူညီပေးပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ မည်သည့်အရပ်တွင် ယေရှု ဆုတောင်းခဲ့သနည်း။
၂။ မည်သည့် တပည့်တော်များကို သူနှင့်အတူ ဆုတောင်းစေခဲ့သနည်း။
၃။ မည်သည့်အရာအတွက် ယေရှု ဆုတောင်းခဲ့သနည်း ။
၄။ ဆုတောင်းနေစဉ် ယေရှု မည်သို့ ခံစားနေသနည်း။
၅။ ပထမအကြိမ် ယေရှု ဆုတောင်းသောအခါ အချိန် မည်မျှ ကြာသနည်း။
၆။ တပည့်တော်များအဘယ်ကြောင့် ဆုမတောင်းကြသနည်း။
၇။ ယေရှုသည် တပည့်တော်များအား ဆုတောင်းရန် အကြိမ် မည်မျှ မိန့်ကြားခဲ့သနည်း။
၈။ ယေရှု ဆုတောင်းပြီးနောက် မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။
၉။ အဓိကသော့ချက်ကျမ်းကို မည်သည့်နေရာ၌တွေ့ရသနည်း။
၁၀။ ယေရှုအား ကျွန်ုပ်တို့ နာခံလျှင် ကျွန်ုပ်တို့ကို မည်သို့ခေါ်မည်နည်း။

## (က) ၄ ပုံပြင် (၂)

## ပေတရုတိုက်ခိုက်ခဲ့သည် ။ ။ဤပုံပြင်သည် ယေရှု ဖမ်းဆီးခံရချိန် ဖြစ်ပျက်သောအကြောင်း အရာ ဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• သခင်ယေရှုသည် ကျွန်ုပ်တို့ အသေခံရန်နှင့် အဖမ်းဆီးခံရန် သူ့ကိုယ်သူ ခွင့်ပြုခဲ့သည်။<br>• ကျွန်ုပ်တို့အသက်တာ၏ ခက်ခဲသော အခြေအနေများ၌ စိတ်ဆိုးခြင်းများနှင့် ကြုံတွေ့ နိုင်သည်။<br><br>**အဓိကသော့ချက်ကျမ်း** ။*ဖေက် ၄း၂၆*<br>**အခြေပြုကျမ်း။** ။*မသဲ ၂၆း၄၇-၅၆* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ဥယျာဉ်ထဲ၌ ဖြစ်ပျက်ခဲ့သော ပုံပြင်ပါ အကြောင်းအရာကို ပြန်လှန်ပါ။ ပေတရုနှင့် သူ၏ သူငယ်ချင်းများသည် ယေရှု မိန့်မှာသည့်အတိုင်း ဆုမတောင်းခဲ့ကြပေ။ ယခုတွင် ပို၍ခက်ခဲသော အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။ သူတို့သည် မည်သည့်အရာကို ထပ်၍ပြုလုပ်ကြသနည်း။ |
| **သင်ကြားပေးပါ။** | ၁။ ဤအဖြစ်အပျက်များ ဖြစ်ပွားရာနေရာ ။ ။မှောင်မိုက်ပြီး တိတ်ဆိတ်နေသော အချိန်ဖြစ်သည်။ သို့သော် ရုတ်တရက် စစ်တပ်မှ စစ်သားများ ချီတက်လာကြသည့် ခြေသံများကို ကြားနေရသည်။ ယခုတွင် ပေတရုနှင့် သူ၏သူငယ်ချင်းများသည် မည်သို့ ခံစားကြမည်နည်း။<br>၂။ ရုတ်တရက် ယုဒရှကာရုတ်သည် လူအုပ်ထဲမှ ထွက်လာပြီး ယေရှုအား ချဉ်းကပ်၍ နမ်းလိုက်သည်။ ယေရှုသည် မည်သူဖြစ်ကြောင်း စစ်သားများသိနိုင်ရန် ဤနည်းလမ်းကို သူအသုံးပြုလိုက်ခြင်း ဖြစ်ကြောင်း ရှင်းပြပါ။ *သစ္စာဖောက်ခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြပါ။ (အဆင့် ၂ သင်ခန်းစာတွင် ကြည့်ပါ။)* ***(မသဲ ၂၆း၄၇-၅၀)***<br>၃။ ယေရှုအား လာရောက် ဖမ်းဆီးကြောင်း ပေတရု သိလိုက်သောအခါ စိတ်ဆိုးလာပြီး လူအုပ်ထဲမှ လူတစ်ဦးအား တိုက်ခိုက်ခြင်းအားဖြင့် ယေရှုအား ကာကွယ်ပေးရန် ကြိုးစားခဲ့သည်။ ***(မသဲ ၂၆း၅၁)*** *ကျွန်ုပ်တို့သည်လည်း ပေတရု ကဲ့သို့ပင် လွယ်လင့်တကူ ဒေါသထွက်တက်ကြသည်။ ဤအကြောင်းအရာနှင့် ဆက်စပ်သော အကြောင်းအရာ တစ်ခု သို့မဟုတ် နှစ်ခု ကို ကလေးများအား တင်ပြစေပါ။* ချက်ခြင်းပင် ယေရှုသည် ပေတရု၏ ဓားကို ဓားအိမ်၌ ထားစေခဲ့သည်။ *ဤအရာများ အားလုံးသည် ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်ရမည်ဖြစ်ကြောင်း ယေရှု သိထားသည့် အတွက်ကြောင့် သူအား ပေတရု ကာကွယ်ပေးရန် မလိုကြောင်း ရှင်းပြပါ။ သူအား ဖမ်းဆီးရန်နှင့် အသေသတ်ရန် ယေရှုသည် သူ၏ရန်သူများအား ခွင့်ပြုပေးခဲ့သည်။* ကျွန်ုပ်တို့အတွက် ဤသို့ပေးဆက်ရန် ယေရှု အလိုရှိခဲ့သည်။ ပေတရုနှင့်ယေရှုကို နှိုင်းယှဉ်ကြည့်၍ သိနိုင်ပါသည်။ ယေရှုသည် တည်ငြိမ်စွာဖြင့် သူ၏ဖခင်ထံ ဆုတောင်းခဲ့သည်။ ပေတရုသည် ယေရှုအလိုတော် ရှိသည့်အတိုင်း ဆုမတောင်းခဲ့ပေ။ ***(မသဲ ၂၆း၅၂-၅၆)***<br>၄။ တပည့်တော်တို့သည် ကြောက်ရွံ့၍ ယေရှုအား စွန့်ပစ်ပြီး အဝေးသို့ ထွက်ပြေး သွားကြသည်။ *သူတို့ အဘယ်ကြောင့် ဤသို့ပြုကြကြောင်း ဆွေးနွေးပါ။* ***(မသဲ ၂၆း၅၆)*** ပေတရု တစ်ယောက်တည်းသာ ယေရှုနောက်သို့ ကြိုးစား၍ လိုက်သွားခဲ့သည်။သို့သော် သူသည် အဖမ်းခံရနိုင်သည့်အတွက် ဘေးကင်းသည့် ခပ်လှမ်းလှမ်းမှ လိုက်သွားခဲ့သည်။ *ပေတရုသည် ထင်ထင်ရှားရှား မဟုတ်ဘဲ မသိမသာနှင့် မည်ကဲ့သို့ လိုက်သွားခဲ့ကြောင်းကို ကလေးများ မြင်သာနိုင်ရန် ကူညီပေးပါ ။* ***(မသဲ ၂၆း၅၈)***<br>၅။ *ကျွန်ုပ်တို့သည် ယေရှုနှင့်ဆိုင်သောသူများ ဖြစ်ကြလျှင် ယေရှုထံဆုတောင်းနိုင်ကြောင်းနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်ရန် ၊အမျက်ဒေါသမထွက်စေရန် သူ၏ အကူအညီကို တောင်းလျှောက် နိုင်ကြောင်း ရှင်းပြပါ။ ခရစ်ယာန် အသက်တာ၌ ကျိန်ဝပ်တော်မူသော် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် မှန်သောလမ်းတွင် ကျွန်ုပ်တို့လိုက်လျှောက်နိုင်သည့် တန်ခိုးတော်ကို ပေးပိုင်နိုင်သည်။*<br>၆။ *အကယ်၍ ကျွန်ုပ်တို့သည် စိတ်ဆိုးခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းနှင့် မတုံ့ပြန်ပါက မည်ကဲ့သိုသော အကြိုးရှိကြောင်းပြောပြပါ။*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။**<br>**ရုပ်ပြ ။** ။ဂေသရှမန်ဥယျာဉ်၌ယေရှုဆုတောင်းသည်။ |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ဖေက် ၄း၂၆)*** အကယ်၍ ကျွန်ုပ်တို့ စိတ်ဆိုးပြီး ဒေါသထွက်ပါက ထိုအရာကို ချက်ခြင်း ဖယ်ထုတ်ရမည် ဖြစ်ကြောင်း ရှင်းပြပါ။ |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ၁။ ယေရှု၏ ရန်သူများနှင့်အတူ ဥယျာဉ်ထဲသို့ မည်သူ လိုက်ပါလာသနည်း။<br>၂။ မည်သူသည် ယေရှုဖြစ်ကြောင်း ယုဒရှကာရုတ်သည် မည်သို့ ဖော်ပြခဲ့သနည်<br>၃။ ယေရှု ဖမ်းဆီးခံရသောအချိန်တွင် ပေတရု ဘာလုပ်ခဲ့သနည်း။<br>၄။ လူတစ်ဦး၏ မည်သည့် အစိတ်အပိုင်းကို ပေတရု ခုန်ဖြတ်ခဲ့သနည်း။<br>၅။ ယေရှုသည် တေပေရုအား မည်သို့ အမိန့်ပေးလိုက် သနည်း။<br>၆။ ခရစ်ယာန်တို့သည် စိတ်ဆိုး အမျက်ထွက်ခြင်းကို မည်သို့ အနိုင်ယူနိုင်သနည်း။<br>၇။ ယေရှု အဖမ်းခံရသောအခါ တပည့်တော်များ မည်သို့ ပြုလုပ်ခဲ့ကြသနည်း။<br>၈။ ယေရှုနှင့် ခပ်လှမ်းလှမ်းမှ မည်သူ ကြိုးစား၍ လိုက်သွားခဲ့သနည်း။<br><br>**လုပ်ဆောင်ပါ။** ။အထက်ဖော်ပြပါ သင်ခန်းစားမှ အကြောင်းအရာ ကဲ့သို့ လူတစ်ယောက် စိတ်ဆိုးသည့် အခြေအနေ တစ်ခု သို့မဟုတ် နှစ်ခု ကို ခေါင်းဆောင်မှ ပြုလုပ်နိုင်ပါသည်။ |

## (က) ၄ ပုံပြင် (၃)

## ပေတရုငြင်းပယ်ခဲ့သည် ။ ။ဤပုံပြင်သည် ခွင့်လွှတ်ခြင်း လိုအပ်သည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- တခါတရံ ကျွန်ုပ်တို့သည် အလွန်အားငယ်ပြီး သူငယ်ချင်းများကို ရှောင်ဖယ်တက်ကြသည်။
- သခင်ယေရှုကို ကျွန်ုပ်တို့ငြင်းပယ်သော အချိန်မှာပင် သူသည် ကျွန်ုပ်တို့အား ခွင့်လွှတ်ပေးလိုသည်။

**အဓိကသော့ချက်ကျမ်း** *။ဆာလံ ၅၁း၇*

**အခြေပြုကျမ်း။** *။မသဲ ၂၆း၆၉-၇၅*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ သူတို့၏ အသံအားဖြင့် မည်သူမည်ဝါ ဖြစ်သည်ကို ကျွန်ုပ်တို့ မည်ကဲသို့ သိနိုင်ကြောင်း ကလေးများကို ပြောပြပါ။ ဖုန်းအသုံပြုဖူးသော ကလေးများရှိပါလျှင် တဖက်မှ စကားပြောနေသောသူသည် မည်သူဖြစ်ပါသည် ဟု ပြောပြခြင်းမရှိဘဲ အသံအားဖြင့် စကားပြောနေသောသူသည် မည်သူဖြစ်ကြောင်းကို သူတို့ သိနိုင်ပါသည်။ အသံထွက်များ မတူညီအောင် မည်သို့ ဖတ်ရွတ်တက်ကြကြောင်းကို ပြောပါ။ သင်နေထိုင်သောနိုင်ငံမှ စကားပြောပုံအချို့ကို သင်ဥပမာ ပေးနိုင်ပါသည်။

၂။ ပြီးခဲ့သည့်အပတ်တွင် ပြောခဲ့သောပုံပြင်နှင့် ပြန်ဆက်စပ်၍ ပြောပြပါ။ယေရှု ဖမ်းဆီးခံရပြီး တပည့်တော်များ ထွက်ပြေးကြသည့် အကြောင်းကို ကလေးများထံ ပြန်ပြေပြီး သူတို့အား နှိုးဆော်ပေးပါ။ သို့သော်လည်း ပေတရုသည် ယေရှု၌ဖြစ်ပျက်လားမည့် အချင်းအရာကို သိလိုသည်။

### သင်ကြားပေးပါ။

၁။ ယဇ်ပရောဟိတ်မင်း၏ အိမ်ဝင်းတံတိုင်းအထိ ပေတရု ခပ်လှမ်းလှမ်းမှ လိုက်သွားခဲ့သည်။ ***(မသဲ ၂၆း၆၉)*** *အိမ်ဝင်းတံတိုင်းအတွင်း ဆိုသည်မှာ အိပ်ထဲတွင် မဟုတ်ပဲ အိမ်ပြင်တွင် ဖြစ်ကြောင်း ရှင်းပြပါ။ အကယ်၍ ဖြစ်နိုင်လျှင် အဆောက်အဦး တစ်ခုခု၏ ဝင်းတံတိုင်းကို ဥပမာအဖြစ်သုံးပြီး ကလေးများနားလည်စေရန် ပြောပြပါ။ တိတ်ဆိတ်သောတည -အခင်ဖြစ်ပွားသောနေရာတွင် ထိုင်နေသည်။ မီးပုံရှိပြီး ၊ အစောင့်များ ၊ အစေခံများလည်း ထိုနေရာတွင် ရှိနေသည်။*

၂။ အစေခံအမျိုးသမီးတစ်ဦးသည် ပေတရုအား သတိပြုမိပြီး ပေတရုသည် ယေရှုနှင့်အတူရှိသောသူ တစ်ဦးဖြစ်သည်ဟု အခြားသောသူများထံ ပြောပြခဲ့သည်။ ထိုအမျိုးသမီးပြောနေသော အကြောင်းအရာကို သူမသိဟု ပေတရု ပြောခဲ့သည်။ ***(မသဲ ၂၆း၆၉-၇၀)*** *ပေတရုလိမ်နေသည်ကို ကလေးများမြင်သာစေရန် ပြုလုပ်ပေးပါ။ အမှန်မှာ ပေတရုသည် ယေရှုနှင့်အတူရှိသောသူ ဖြစ်သည်။ သို့သော် သူအဘယ်ကြောင့် လိမ်ပြောရသည့် အကြောင်းကို စူးစမ်းလေ့လာပါ။*

၃။ ဂိတ်ပေါက်ဝမှ ထွက်သွားသောနောက်တွင်းလည်း အခြားသောအမျိုးသမီးသးည် သူ့အားမှတ်မိသွားသည်။ ဤတကြိမ်တွင်လည်း ယေရှုကို သူမသိဟုငြင်းခဲ့ပြန်သည်။ ***(မသဲ ၂၆း၇၁-၇၂)*** *အဆင့် ၂ သင်ခန်းစာကို သုံးသည့်ကလေးများအတွက် (ငြင်းပယ်ခဲ့သည် ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို ရှင်းပြပါ။)*

၄။ မကြာမီမှာပင် ပေတရု၏ စကားပြောပုံအမူအရာသည် ယေရှု၏ နောက်လိုက်တစ်ဦးနှင့် တူကြောင်း လူတစ်ဦးကဝေဖန်လိုက်သည်။ (ပေတရုသည် ဂါလိလဲမှ လာသောသူတစ်ဦးဖြစ်ပြီး၊ အခြားသောနောက်လိုက်များနှင့်အတူ ယေရှုနှင့်အတူ ရှိသောသူဖြစ်သည်။ *ဤအချက်ကို သင်ခန်းစာအစပြုမိတ်ဆက်ခဲ့သည့် အကြောင်းနှင့် ပြန်၍နှိုင်းယှဉ်ပါ။) ပေတရုသည် အဘယ်မျှ စိတ်အနှောက်အယှက် ဖြစ်ပြီး ကြောင့်လှန့် ခဲ့ရသနည်း။ တတိယအကြိမ် ယေရှုကို သူအဘယ်ကဲ့သို့ငြင်းပယ်ခဲ့သည်ကို ဆွေးနွေးပါ။*

၅။ ကြက်တွန်သံကို ကြားသည့်အခါ ယေရှု၏စကားကို ပေတရု ပြန်၍သတိရခဲ့သည်။ ***(မသဲ ၂၆း၇၄)*** *ပေတရုသည် အဘယ်ကြောင့် အလွန်ဝမ်းနည်းခဲ့ရသည်ကို ရှင်းပြပါ။* ***(မသဲ ၂၆း၇၄-၇၅)***

၆။ *ပေတရု အမှားပြုလုပ်ခဲ့သည့် အကြောင်းကို ရှင်းပြပါ။ သူသည် သခင်ယေရှု၏နောက်လိုက် ဖြစ်ကြောင်းပြောရန် သူ၌လုံလောက်သော သတ္တိမရှိခဲ့ပေ။ ယေရှု၏နောက်လိုက်ဖြစ်ကြောင်း ရဲဝံစွာပြောမည့်အစား လိမ်ပြောခဲ့သည်။ ကျွန်ုပ်တို့ အားလုံးလည်း အမှားများ ပြုလုပ်တက်ကြသည်။*

၇။ *ကျွန်ုပ်တို့၏အပြုအမူ အပြောအဆိုများအားဖြင့် သခင်ယေရှုကို ကျွန်ုပ်တို့ ငြင်းပယ်သော အချိန်များရှိတက်ကြသည်။ ကျွန်ုပ်တို့၏ မှားယွင်းသော အပြုအမူများအတွက် သခင်ယေရှု ခွင့်လွှတ်ပေးလိုသည်။ ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံခဲ့ပြီးဖြစ်သည့်အတွက် ကျွန်ုပ်တို့၏ အပြစ်များကို သူခွင့်လွှတ်ပေးနိုင်သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**

**ရှုပ်ပြ ။** ။ ပေတရုသည် ယေရှုအား ငြင်းပယ်ခဲ့သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ဆာလံ ၅၁း၇)*** ဤအရာသည် ဆုတောင်းခြင်းအကြောင်း ရှင်းပြပါ။ ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ရန် သခင်ယေရှုထံ ကျွန်ုပ်တို့တောင်းလျှောက်သောအခါ မိုးပွင့်ထက် ပိုမိုသန့်ရှင်းစင်ကြယ်အောင် သူဆေးကြောသန့်ရှင်းစေသကဲ့သို့ ဖြစ်သည်။မိုးပွင့်ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း ရှင်းပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ မည်သည့်နေရာတွင် ပေတရု စောင့်နေသနည်း။

၂။ ပေတရုထံ ပထမဦးဆုံး စကားပြောသောသူမှာ မည်သူနည်း။

၃။ ယေရှုကို သူမသိကြောင်း ပေတရု အကြိမ်မည်မျှ ငြင်းပယ်ခဲ့သနည်း။

၄။ ပေတရုသည် အဘယ်ကြောင့် ဤသို့ လိမ်ပြောရသနည်း။

၅။ ပေတရုသည် ကြက်တွန်သံကို အကြိမ် မည်မျှကြားခဲ့သနည်း။

၆။ ကြက်တွန်သံကို ကြားသောအခါ ပေတရုမည်သည့်အရာကို သတိရသွားသနည်း။

၇။ ပေတရု အဘယ်ကြောင့် ငိုကြွေးရသနည်း။

၈။ အကယ်၍ ယေရှုကို ကျွန်ုပ်တို့ ငြင်ပယ်ခဲ့ပါက ကျွန်ုပ်တို့ မည့်သည့်အရာကို လုပ်သင့်ပါသနည်း။

## (က) ၄ ပုံပြင် (၄)

**ပေတရု၏ချစ်ခြင်း ။ ။ဤပုံပြင်သည် ပေတရုနှင့်ယေရှု စကားပြောသည့် အကြောင်းဖြစ်သည်။**

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ပေတရုသည် သခင်ယေရှုကို ငြင်းပယ်ပြီးနောက် သခင်ယေရှုကို သူချစ်ကြောင်းဖော်ပြနိုင်သည့် အခွင့်အရေးကို ထပ်မံရရှိခဲ့ပြန်သည်။
- ကျွန်ုပ်တို့သည် သူ့အားချစ်ရန် သခင်ယေရှု အလိုရှိသည်။

**အဲကသော့ချက်ကျမ်း** *။၁ယော ၄း၁၉*
**အခြေပြုကျမ်း။** *။ယော ၂၁း၁-၁၉*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ ကလေးများ ကြားသိခဲ့ပြီးဖြစ်သည့် ပေတရု၏ ပထမပုံပြင်အကြောင်းကို ကလေးများအား ပြန်၍စဉ်းစားစေပါ။ သခင်ယေရှုသည် ပေတရုအား ပထမဦးဆုံး အကြိမ်ခေါ်သောအခါတွင် ပေတရု၏ အလုပ်မှာမည်သည့်အလုပ်ဖြစ်သနည်း။
၂။ ပေတရုအား ယေရှု စခေါ်သည့်အချိန်မှစ၍ ယခုအချိန်အထိ အချိန်များစွာ ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ ပေတရုသည် ယေရှု၏ အထူးမိတ်ဆွေ ဖြစ်လာခဲ့ပြီးဖြစ်သည်။ သို့သော် ပေတရုသည် ယေရှုအား ငြင်းပယ်ခဲ့သည်။
၃။ ထို့နောက် များမကြာမီ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခဲ့သော်လည်း သူရှင်ပြန်ထမြောက်ခဲ့သည်။ မတူညီသော အကြောင်းရင်း နှစ်ရပ်ဖြင့် ယေရှုသည် သူ၏ တပည့်တော်များကို တွေ့ပြီးသူအသက်ရှင်ကြောင်း သက်သေပြခဲ့သည်။ဤအဖြစ်အပျက်များ ဖြစ်ပြီး တနေ့တွင် ပေတရုသည် ငါးဖမ်းရန် ဆုံးဖြတ်ပြီး ထွက်သွားခဲ့သည်။

### သင်ကြားပေးပါ။

၁။ တပည့်တော်တို့သည် တညလုံးငါးဖမ်းကြသော်လည်း တကောင်မျှမရကြပေ။ ***(ယော ၂၁း၃)*** *သူတို့ အဘယ်ကဲ့သို့ခံစား ကြမည်ကို စဉ်းစားကြည့်ပါ။ မောပန်းမည် ။ ဆာလောင်မည် ။စိတ်ပျက်မည်။*
၂။ *နံနက်စောစော နေထွက်လာချိန် လူတစ်ယောက်သည် ကမ်းခြေတွင်မတ်တက်ရပ်နေသော မြင်ကွင်းကို တွေ့ရသည်။ ထိုလူစိမ်းနှင့်တပည့်တော်များ အပြန်အလှန် စကားပြောနေသည့် အချင်းအရာကို ပြန်ပြောပါ။* ***(ယော ၂၁း၄-၆)***
၃။ ထိုလူစိမ်း၏လမ်းညွှန်မှုအတိုင်း တပည့်တော်များလိုက်နာသည့်အခါ ငါး (၁၃၅) ကောင်ကို ဖမ်းမိခဲ့သည်။ထိုသူသည် ယေရှုပင်ဖြစ်သည်ဟု ယောဟန်ချက်ခြင်းသိလိုက်သည်။ ***(ယော ၂၁း၇-၈)***
၄။ ယေရှုသည် သူတို့အတွက်နံနက်စာကို ပြင်ဆင်ပေးထားသည်။ကမ်းခြေ၌ နံနက်စား စားခြင်းသည် မည်ကဲ့သို့ဖြစ်မည်ကို ကြိုးစား၍ ပုံဖော်ကြည့်ပါ။ ယေရှုသူတို့နှင့်အတူရှိခြင်းသည် အံ့သြဖွယ်ဖြစ်ပြီး မည်မျှထူးခြားကြောင်း သိရှိစေပါ။
၅။ နံနက်စာ စားသောက်ပြီးနောက် ယေရှုသည် ပေတရုနှင့်စကားပြောသည်။ သူအားချစ်သလား ဟု ယေရှုက ပေတရုအား ၃ကြိမ်မေးခဲ့သည်။ ***(ယော ၂၁း၁၅-၁၉)*** *ဤမေးခွန်းသည် ပေတရုအတွက် မည်မျှ အရေးကြီးကြောင်း ရှင်းပြပါ။ သခင်ယေရှုသည် ပေတရုအား ခွင့်လွှတ်ပေးပြီး ပေတရုအတွက် အလုပ်ရှိကြောင်း သူဖော်ပြခဲ့သည်။ (အဆင့် ၂ သင်ခန်းစာကို သင်သော ကလေးများအတွက် ) ယခုတွင် ပေတရုသည် သခင်ယေရှု အပေါ်ထားရှိသည့် သူ၏ချစ်ခြင်းကို ၃ ကြိမ်တိုင် အဘယ်ကဲ့သို့ ဖော်ပြခဲ့ကြောင်း နှင့် ပထမသူငြင်းပယ်ခဲ့သည့် အကြောင်းကို နှိုင်းယှဉ်၍ ဖော်ပြနိုင်သည်။*
၆။ *သခင်ယေရှုကို ကလေးများချစ်ရန် နှိုးဆော်ပေးပါ။*
၇။ *ပေတရုအား ယေရှုမေးသောမေးခွန်းအပေါ် သူတို့အဘယ်သို့ အဖြေပေးကြသနည်း။ ကျွန်ုပ်တို့ အယောက်စီတိုင်း သူအားချစ်ပြီး အစေခံရန် သခင်ယေရှုအလိုရှိသည်။*
၈။ *သူ၏သားတော်ကို စေလွှတ်ပြီး ကျွန်ုပ်တို့အတွက် အစေခံပေးခြင်းအားဖြင့် ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာကို ပြသခဲ့သည်။ကျွန်ုပ်တို့သည်သူ့အား ချစ်ခြင်းဖြင့် ပြန်၍ တုန့်ပြန်သင့်သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ။သခင်ယေရှုသည် ဂါလိလဲအိုင်၌ သူ၏တပည့်တော်များကို ကိုယ်ထင်ရှာပြီး ပေတရုအား မေးခွန်းမေးခဲ့သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှု့ကို ရှင်းပြပြီးသင်ပေးပါ။ ***(၁ပေ ၄း၁၉ )***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ ပေတရုနှင့် သူ၏သူငယ်ချင်းများသည် အချိန်မည်မျှကြာအောင် ငါးဖမ်းခဲ့ကြသနည်း။
၂။ မည်သည့်ဘက်သို့ ပိုက်ကွန်ကိုချ၍ ဖမ်းရန်မိန့်ကြားခြင်း ခံခဲ့ရသနည်း။
၃။ သူတို့သည် ငါးကောင်ရေ မည်မျှကို ဖမ်းမိခဲ့ကြသနည်း ။
၄။ ထိုသူမှာယေရှုပင်ဖြစ်ကြောင်း မည်သူသည် ဦးစွာ သိခဲ့သနည်း။
၅။ ယေရှုထံသို့ ဦးစွာပြေးသွားသောသူမှာ မည်သူနည်း။
၆။ ပေတရုသည် ရေထဲသို့ ခုန်ချ ပြီးပြေးမသွားမီ သူဘာလုပ်ခဲ့သနည်း။နံနက်စာကို မည်သူ ပြင်ဆင်ပေးထားသနည်း။
၇။ နံနက်စာအတွက် မည်သည့်အရာကို သူတို့သုံးဆောင်ကြသနည်း။
၈။ ပေတရုအား ယေရှု သုံးကြိမ်တိုင် မေးသောမေးခွန်းမှာ အဘယ်နည်း။
၉။ အဓိကသော့ချက်ကျမ်းကို မည်သည့် နေရာ၌ တွေ့ရသနည်း။

**လုပ်ဆောင်ပါ။** ။ဤပုံပြင်ဇာတ်ကြောင်း၏ အစိတ်အပိုင်းအချို့ကို ကလေးများအား သရုပ်ဆောင်စေပါ။ (ဥပမာ ငါးဖမ်းခြင်း ၊ကမ်းခြေတွင်ရှိသော လူစိမ်းတစ်ယောက်အသွင် ၊ ရေထဲသို့ ခုန်ချပြေးသွားခြင်း ၊ငါးများကို ပိုက်ကွန်နှင့်ဖမ်းခြင်း ၊ငါးများကိုရေတွက်ခြင်း) မျက်နှာ အမူအရာများကို ဖော်ပြခြင်းဖြင့်လည်း လုပ်ပြနိုင်သည်။ (ဥပမာစိတ်ပျက်ဝမ်းနည်း နေခြင်း၊အံ့သြဝမ်မြောက်ခြင်း ၊ပျော်ရွှင်ခြင်း -------စသည်ဖြင့်) ကလေးများအတွက် ပုံပြင်ပါ အကြောင်းအရာကို ဖတ်ပြနေခြင်းထက် ဤအရာသည် ပို၍အကြိုးသက်ရောက်မှု ရှိနိုင်သည်။သူတို့နှင့်သင့်လျှော်သည့်နေရာတွင် ရှိရှင်သည့်သရုပ်ဆောင်ခြင်းကို ပြုလုပ်စေပါ။

<u>(က) ၅  ပုံပြင် (၁)</u>

**အာဗြံသည် မိမိအိမ်ကို စွန့်ခွာခဲ့သည်  ။   ။ဤပုံပြင်သည် အာဗြံ ဘုရားသခင်ကို ကိုးစားသည့် အကြောင်း ဖြစ်သည်။**

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- အာဗြံသည် ဥဇပြည်ကို စွန့်ခွာပြီး နယ်မြေသစ်သို့ ခရီးထွက်ခဲ့ချိန်တွင် ဘုရားသခင်ကို သူနာခံခဲ့သည်။
- ဘုရားသခင်ကို ကိုးစားကြောင်း နာခံခြင်းဖြင့် ကျွန်ုပ်တို့ဖော်ပြရမည် ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း**	*။သုတ္တံ ၃း၅*
**အခြေပြုကျမ်း။**	*။ကမ္ဘာ၁၂း၁-၉*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ အိမ်ပြောင်းရွှေ့ခြင်း အကြောင်းပြောပါ။ ဤအကြောင်းအရာ နှင့်ပတ်သက်၍ ကလေးများအတွေ့အကြုံရှိသည့် အရာမှလည်း ပြောနိုင်သည်။
၂။ မိမိအိမ်နှင့် အလွန်ဝေးသော တိုင်းပြည်သို့ သွားရောက်ရလျှင် ကလေးများ မည်သို့ခံစားကြမည်နည်း။ စိတ်လှုပ်ရှာမည်လား။ စိုးရိမ်မည်လား။ ဝမ်းနည်းမည်လား။ အကြောင်းအရင်ကို ဖော်ပြပါ။
၃။ ဥဇပြည်တွင် အာဗြံ နေထိုင်ခဲ့စဉ်က သူ၏မိသားစု ၊သူငယ်ချင်းများ ၊အိမ်၊ တရိစ္ဆာန်များ  ကြွယ်ဝချမ်းသာခြင်းနှင့် ကောင်းစားခြင်း အကြာင်းကို ရှင်းပြပြီး ကလေးများကို အာဗြံနှင့်မိတ်ဆက်ပေးပါ။

### သင်ကြားပေးပါ။

၁။ တနေ့သ၌ ဘုရားသခင်သည် အာဗြံအား မိမိနေရင်းပြည်မှထွက်၍ သူပြလတ္တံ့သောပြည်သို့ သွားရန် မိန့်တော်မူခဲ့သည်။ ***(ကမ္ဘာဦး ၁၂း၁)*** *ဘုရာသခင်သည် အာဗြံအား မည်သည့်ခက်ခဲသည့်အလုပ်ကို လုပ်စေခဲ့သနည်း။ (ကောင်းစွာနေထိုင်နေရသည့် သူ၏အိမ်ကိုစွန့်ခွါပြီး သူမသိဖူးသော အရပ်သို့သွားရန်ဖြစ်သည်။)*
၂။ ဘုရားသခင်သည် အာဗြံထံ ကတိတော်ပေးခဲ့သည်။ ***(ကမ္ဘာဦး ၁၂း၂-၃)*** *ဘုရားသခင်၏ ကတိတော်များအားလုံးသည် ကောင်းမွန်ကြောင်းရှင်းပြပါ။ (ဥပမာ လူမျိုးကြီးနှင့် အမည်နာမကြီးမြတ်ခြင်း) ဘုရားသခင်သည် အာဗြံကို ကောင်းကြီးပေးလိုသည်။ ဘုရားသခင် သည် လူတစ်ယောက်အားကောင်းကြီးပေးသောအချိန်တွင် သူ၏ကောင်းမြတ်ခြင်ကို ဖော်ပြနေသည်။*
၃။ အာဗြံသည် ဘုရားသခင်ထံနာခံခဲ့သည် ။ ***(ကမ္ဘာဦး ၁၂း၄)*** *အာဗြံသည် အဘယ်ကြောင့်နာခံခဲ့သည်ဟု သင်ထင်ပါသနည်း။ (သူသည်ဘုရားသခင်၏ကတိတော်များကို ယုံကြည်ခဲ့ပြီးဘုရားသခင်ကို ကိုးစားခဲ့သည်။)*
၄။ *အာဗြံနှင့်အတူ မည်သူတို့ပါဝင်ကြောင်း ရှင်းပြပါ။ သူ၏ဇနီးစာရဲ ၊ သူ့တူလောတ ၊ သူ၏အစေခံများ ၊သူအားလမ်းပြပို့ဆောင်ပေးမည့် ဘုရားသခင်သည် သူနှင့်အတူ လိုက်ပါလာသည်။ ရှည်လျှားသောခရီးရှည်ကြီးကို ကုလားအုတ်များနှင့်အဘယ်ကဲ့သို့ ခရီးသွားခဲ့ကြပုံနှင့်သဲကန္တာရများတွင် တဲရှင်များနှင့် သူတို့မည်ကဲ့သို့ နေထိုင်ခဲ့ကြပုံများကို ရှင်းပြပါ။*
၅။ နောက်ဆုံတွင် အာဗြံသည် ခါနာန်ပြည်သို့ ရောက်ရှိခဲ့သည်။ ***(ကမ္ဘာဦး ၁၂း၆-၉)***
၆။ *ယခုတွင် အာဗြံ မည်သို့ခံစားမည်နည်း။ ယဇ်ပလ္လင်တည်ဆောက်ခြင်းသည် အာဗြံဘုရားကို ကျေးဇူးတော် ချီးမွမ်းသည့်နည်းလမ်း ဖြစ်ကြောင်းရှင်းပြပါ။*
၇။ *မည်သည့်အနေအထားတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုးစားစေလိုသနည်း ။ ထိုအခြေအနေကို ဖော်ပြပါ။*
၈။ *ဤအဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို လုံးလုံးလျှားလျှား အားကိုးရန် ဖြစ်ကြောင်းရှင်းပြပါ။ ကျွန်ုပ်တို့၏ အသက်တာလုပ်ဆောင်မှုများသည် ဘုရားသခင်ကိုကိုးစားရမည့်အစား မိမိနည်းလမ်း၊ မိမိအစွမ်းအစကိုသာ အားကိုးလုပ်ဆောင် အသက်ရှင်နေသည်များကို ဘုရားသခင်ရေတွက်လျှက် ရှိသည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ။အာဗြံသည် ခါနာန်ပြည်သို့ ပြောင်းရွှေ့ခဲ့သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှု့ကို ရှင်းပြပြီးသင်ပေးပါ။ ***(သုတ္တံ ၃း၅)*** အာဗြံလုပ်ဆောင်းသည့်အရာကို ဤကျမ်းချက်မှ ဖော်ပြနေကြောင်း ရှင်းပြပါ။မိမိ၏ကိုယ်ပိုင် နည်းလမ်းဖြင့် သွားလာမည့်အစား အာဗြံသည်ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့သည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်ပါသင်ခန်းစာများကို ပြန်လှန်ခြင်းဖြင့်သင်ယူနိုင်ရန် အောက်ပါဖော်ပြချက်များကို  ဟုတ်/မဟုတ် ကိုအသုံးပြု၍ ဖြေစေခြင်းဖြင့် ညဏ်စမ်းမေးပါ။
၁။ ဘုရားသခင်သည် အာဗြံထံ စကားပြောခဲ့သည်။
၂။ အစာခေါင်းပါးခြင်း ဖြစ်သည့်အတွက် အာဗြံသည်သူ၏အိမ်ကို စွန့်ခွါခဲ့သည်။
၃။ အာဗြံအား ကောင်းကြီးပေးမည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။
၄။ သူ၏အိမ်ကို စွန့်ခွါခဲ့သော အချိန်၌အာဗြံ၏အသက်မှာ ၇၀ ရှိပြီး ဖြစ်သည်။
၅။ အာဗြံသည်မိမိ မည်သည့်အရပ်သို့ သွားနေသည်ကို သိသည်။
၆။ အာဗြံ၌ လောတဟု ခေါ်သော သားတစ်ယောက်ရှိသည်။
၇။ ဘုရားသခင်သည် အာဗြံအား ခါနာန်ပြည်သို့ ဦးဆောင်လမ်းပြခဲ့သည်။
၈။ နယ်မြေသစ်တွင် အာဗြံသည် အိမ်၌နေထိုင်ခဲ့သည်။
၉။ အာဗြံသည် ဘုရားသခင်၏ စကားတော်ကို နာခံခြင်းဖြင့် ကိုးစားခဲ့သည်။
၁၀။ ကျွန်ုပ်တို့သည် ဘုရားသခင်အားကိုးစား ယုံကြည်ရန် ဘုရားသခင် အလိုတော်ရှိသည်။

<u>(က) ၅ ပုံပြင် (၂)</u>

**အာဗြံနှင့်လောတ ။ ။ဤပုံပြင်သည် လောတ၏ တကိုယ်ကောင်းဆန်ရွေးချယ်မှု အကြောင်းဖြစ်သည်။**

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- မှားယွင်းသော ရွေးချယ်မှုဖြစ်လာစေရန် လောတသည် တကိုယ်ကောင်းဆန်သော ရွေးချယ်မှုကို ပြုခဲ့သည်။
- ကျွန်ုပ်တို့အသက်တာ၌လည်း မှန်သော ရွေးချယ်မှုကို ပြုလုပ်တက်ရန် အလွန်အရေးကြီးလှသည်။

**အဓိကသော့ချက်ကျမ်း** ။*ဖိလိပ္ပိ ၄း၁၉ သို့မဟုတ် ကမ္ဘာဦး ၁၃း၁၅*

**အခြေပြုကျမ်း။** ။*ကမ္ဘာဦး ၁၃း၁-၁၈*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

၁။ ကလေးများရွေးချယ်ပြုလုပ်လေ့ရှိသောအရာနှင့် သူတပါးကို ဦးစားပေးရွေးချယ်စေရမည့်အကြောင်းများကို ပြောပါ။ သင်တို့၏ ဓလေ့ထုံးစံနှင့် ကိုက်ညီသော ဥပမာ တစ်ခုကိုရွေး းပါ။

၂။ စကားများရန်ဖြစ်ခြင်းနှင့် ထိုစကားများရန်ဖြစ်ခြင်းအားဖြင့် မိတ်ဆွေများ၏ ခင်မင်မှုကို အဘယ်သို့ပျက်စီးစေသည့် အကြောင်းကိုပြောပါ။

**သင်ကြားပေးပါ။**

၁။ သူတို့၏ တရိစ္ဆာန်များထိန်းကျောင်းရန် မြေနေရာနှင့်ပတ်သက်၍ လောတ၏ အစေခံများနှင့် အာဗြံ၏အစေခံများ စကားများရန်ဖြစ်ကြသည်။ ***(ကမ္ဘာဦး ၁၃း၅-၇)***

၂။ ထိုသို့စကားများရန်ဖြစ်ကြခြင်းသည် မကောင်းကြောင်းကို အာဗြံသိသည့်အတွက် လောတ၏ တရိစ္ဆာန်များအတွက် အလိုရှိသော စာကျက်မြေကိုရွေးရန် အာဗြံသည် လောတအား ဦးစားပေး ရွေးချယ်စေခဲ့သည်။ ***(ကမ္ဘာဦး ၁၃း၈-၉)***

၃။ *လောတရွေးချယ်ခဲ့သည့် မြေအမျိုးအစားနှစ်ရပ်တို့၏ ခြားနားမှုကိုနှိုင်းယှဉ်ပြီး ရှုခင်းအနေအထားကို ဖော်ပြပါ။*မြေပြင်ညီညာပြီး ယောဒန်မြစ်ဝှမ်းတလျှောက် စိမ်းလန်းသည့် မြက်ခင်းများရှိသောမြေနှင့် တောင်များ ဝန်ရံထားပြီး မြေအနေအထား မကောင်းသော နေရာတို့ကို ယှဉ်ထားပါကမည်သည့်နယ်မြေကို လောတရွေးမည်ဟု သင်ထင်ပါသနည်း။

၄။ လောတ၏ ရွေးချယ်မှု။ ***(ကမ္ဘာဦး ၁၃း၁၀-၁၃)*** *ဤရွေးချယ်မှုကို လောတအဘယ်ကြောင့် ရွေးချယ်ခဲ့ပါသနည်း။ (ထိုနေရာသည် အလွန်ကြည့်ကောင်းပြီး သူအတွက် လိုချင်သည့်အတွက် သူရွေးချယ်ခဲ့သည်။)လောတသည် လောဘကြီးပြီး တကိုယ်ကောင်းဆန်သကဲ့သို့ ကျွန်ုပ်တို့လည်းဖြစ်နိုင်သည်။ လောတရွေးချယ်သော နေရာတွင်နေထိုင်သောသူများသည် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့သောလူမျိုးများ ဖြစ်ကြသည်။*

၅။ အာဗြံနှင့်လောတတို့သည် ခွဲခွါသွားကြသည်။သို့သော် သူ့ရှေ့၌ရှိသောမြေအားလုံးကို အာဗြံနှင့်သူ၏မိသားစုအတွက် တနေ့ ဘုရားသခင်ပေးမည်ဟု အာဗြံထံ ဘုရားသသခင် ကတိ ပေးခဲ့သည်။ ***(ကမ္ဘာဦး ၁၃း၁၄-၁၈)***

၆။ *အကယ်၍သင်သည် အာဗြံ ဖြစ်ခဲ့ပါက သင်မည်သို့ ခံစာမည်နည်း။လိမ်ပြောသည်ဟု သင်ခံစားမည်လား။ (လောတရွေးချယ်သည့်အရာထက် ကောင်းသည့် ဘုရားသခင်၏ ကတိတော်ကို အာဗြံထပ်မံရရှိခဲ့သည်။)*

၇။ *လောတသည် မှားသောရွေးချယ်မှုကို ပြုခဲ့သည်။ကျွန်ုပ်တို့သည် မှန်သောရွေးချယ်မှုကို ပညာရှိစွာ ရွေးချယ်သင့်သည်။ ကျွန်ုပ်ပြုလုပ်နိုင်သော အကောင်းဆုံးရွေးချယ်မှုမှာ ကျွန်ုပ်တို့အပြစ်များကို ခွင့်လွှတ်ပေးခဲ့သည့်သခင်ယေရှုကို ကျွန်ုပ်တို့အသက်တာထဲသို့ ခေါ်ဖိတ်လက်ခံခြင်းပင် ဖြစ်သည်။*

၈။ *ကျွန်ုပ်တို့အတွက် အကောင်းဆုံးသောအရာသည် မည်သည့်အရာ ဖြစ်သည်ကို ဘုရားသခင်သိကြောင်း နားလည်သဘောပေါက်ထားပါ။ အာဗြံလိုအပ်သောအရာ အားလုံးကို ဘုရားသခင်ပြင်ဆင်ပေးနိုင်သကဲ့သို့ ကျွန်ုပ်တို့၏ လိုအပ်ချက်များအားလုံးကို လည်း သူပြင်ဆင်ပေးနိုင်သည်။ ဘုရားသခင်သည် သူ၏ ကတိတော်များကို ထိန်းသိမ်းသည့် ဘုရား ဖြစ်ကြောင်း ရှင်းပြပါ။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**

**ရုပ်ပြ ။** ။အာဗြံ နှင့်လောတ ခွဲခွါခြင်း။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ကမ္ဘာဦး ၁၃း၁၅ သို့မဟုတ် ဖိလိပ္ပိ ၄း၁၉)*** ကလေးများ ကြားသိခဲ့ရသည့်အရာကို ပုံပြင်နှင့် ချိတ်ဆက်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

အာဗြံယဇ်ပလ္လင်တည်ခြင်းအားဖြင့် သင်ခန်းစာကို အဆုံးသတ်ထားသည်။ အဖွဲ့အတွင်းမှ မေးခွန်းကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသားသည် အန်စာတုံးကိုလိမ့်၍ ကျလာသည့်နံပါတ် အရေအတွက်အတိုင်းကျောက်တုံးများကို ရေတွက်ပါ။ ***(ကမ္ဘာ ၁၃း၁- ၆)*** စစ်မှန်သောကျောက်တုံး သို့မဟုတ် ဆွဲထားသော ကျောက်တုံးများကို အသုံးပြုနိုင်သည်။ အနိုင်ရသောအဖွဲ့သည် ကျောက်တုံးအများဆုံးနှင့် ယဇ်ပလ္လင်တည်ဆောက်နိုင်သည်။

၁။ အာဗြံသည် ချမ်းသာသည့် လူတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့သိနိုင်သနည်း။

၂။ စကားများရန်ဖြစ်ခြင်း ရပ်တန့်သင့်သည်ဟု မည်သူ ဆုံးဖြတ်ခဲ့သနည်း။

၃။ ပထမဆုံး ရွေးချယ်မှုကို ပြုသောသူမှာ မည်သူနည်း။

၄။ မည်သည့်မြစ်ကို လောတမြင်တွေ့ခဲ့သနည်း။

၅။ လောတသည် မည်သည့်ဘက်သို့ ဦးတည်၍ သွားခဲ့သနည်း။

၆။ လောတရွေးချယ်သော နေရာသည် မကောင်းရသော အကြောင်းမှာ အဘယ်ကြောင့်နည်း။

၇။ ဘုရားသခင်သည် အာဗြံအား မည်သည့်အရာကို ကြည့်စေခဲ့သနည်း။

၈။ ဘုရားသခင်သည် အာဗြံထံ မည်သည့် ကတိပေးခဲ့သနည်း ။

၉။ သူတည်သော ယဇ်ပလ္လင်၌ အာဗြံဘာလုပ်ခဲ့သနည်း။

၁၀။ ကျွန်ုပ်တို့ အသက်တာ၌ အကောင်းဆုံးရွေးချယ်ရမည့်အရာသည် မည်သည့်အရာဖြစ်သနည်း။

## (က) ၅ ပုံပြင် (၃)

**အာဗြံထံ ပေးသော ဘုရားသခင်၏ကတိတော်။ ။ဤပုံပြင်သည် ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ခြင်း အကြောင်း ဖြစ်သည်။**

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ဘုရားသခင်သည် အနာဂတ်ကို သိမြင်သည့်အတွက်ကြောင့် နောင်ဖြစ်လာမည့်အရာကိုကြိုတင်၍ ကတိတော်များပေးနိုင်ခြင်းဖြစ်သည်။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကတိတော်ကို ကိုးစားရန် ဘုရားသခင် အလိုတော် ရှိသည်။

**အဓိကသော့ချက်ကျမ်း** ။*၁ကော ၁၀း၁၃ သို့မဟုတ် ကမ္ဘာဦး ၁၅း၆*

**အခြေပြုကျမ်း။** ။*ကမ္ဘာဦး ၁၅း၁-၇*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ ကလေးများအားပေးနိုင်သည့် ကတိမျိုးကို ဥပမာ အဖြစ်ပေးပါ။ ထိုကတိကို စောင့်ဆိုင်းနေစဉ် အတောအတွင်း သူတို့သည်ကိုးစားမှု ရှိရမည်ဖြစ်ပြီး ကတိတော် ပြည့်စုံလာမည်ကို မျှော်လင့်နေရမည် ဖြစ်သည်။ (ကတိမတည်နိုင်သော အခြေအနေသို့ ရောက်စေသော ကတိပေးခြင်းမျိုးကိုလည်း သင်ဥပမာပေးနိုင်သည်။)

၂။ လူဖြစ်သည့် အလျှောက် ကျွန်ုပ်တို့သည် ကတိပျက်တတ်ကြသည်။သို့သော် ဘုရားသခင်သည် သူ၏ ကတိတော်ကိုတည်စေခဲ့သည်။

### သင်ကြားပေးပါ။

၁။ ဘုရားသခင်သည် အိပ်မက်အားဖြင့် အာဗြံထံ ထင်ရှားပြီး သားပေးမည်ဟူသော ကတိကိုပေးခဲ့သည်။ ***(ကမ္ဘာ ၁၅း၁၄)*** *အာဗြံထံ ဘုရားသခင်ပေးခဲ့သော ပထမကတိနှင့် ယခု ကတိတော်ကို နှိုင်းယှဉ်ကြည့်ပါ။အသက် ၉၀ ရှိပြီးသော အာဗြံ အတွက် ဤသတင်းစကားသည် မည်မျှအံ့သြဖွယ်ဖြစ်ကြောင်း ကြိုးစား၍ ပုံဖော်ပါ။*

၂။ ဘုရားသခင်သည် အာဗြံအား ကြယ်များကိုပြ၍ သူ၏အမျိုးအနွယ်သည် ကြယ်များ၏ အရေအတွက်ထက် များလိမ့်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ ***(ကမ္ဘာဦး၁၅း၅)*** *ကြယ်များကို ရေတွက်ခြင်းသည် မဖြစ်နိုင်သောအရာဖြစ်သည်။ကလေးများအပါအဝင် အံ့သြဖွယ် ကြယ်များနှင့် သူတို့၏ ဖန်ဆင်းရှင် အကြောင်းကို စိတ်ကူးပုံဖော်ကြည့်ပါ။*

၃။ အာဗြံသည် ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ခဲ့သည်။ ***(ကမ္ဘာဦး ၁၅း၆)*** *အာဗြံသည် ဘုရားသခင်ကို အဘယ်ကြောင့် ယုံကြည်ကြောင်း စဉ်းစားပါ။*

၄။ အာဗြံနှင့်စာရဲအား ဘုရားသခင် နာမည်အသစ်ပေးခဲ့သည်။ ***(ကမ္ဘာဦး ၁၇း၅၊၁၅)*** *သူ၏နာမည်အသစ်ဖြစ်သည့် "အာဗြဟံ" ၏အဓိပ္ပာယ်မှာ "လူမျိုးတို့၏ အဖ" ဖြစ်ပြီး ဘုရားသခင်၏ ကတိတော်ကို သူအမြဲသတိရစေရန်အတွက် ဖြစ်သည်။*

၅။ *ကျွန်ုပ်တို့အတွက် ဘုရားသခင်ပေးသည့်ကတိတော်များကို သူ၏နှုတ်ကပတ်တော်ဖြစ်သည့် သမ္မာကျမ်းစာထဲ၌ တွေ့ရသည်။ဘုရားသခင်အားကျွန်ုပ်တို့ ကိုးစားသောအချိန်တွင် ကျွန်ုပ်တို့အတွက် သူပေးထားသောကတိတော်များထဲမှ ဥပမာအချို့ကိုဖော်ပြပါ။*

၆။ *ဘုရာသခင်ပြောသော ကတိစကားများကို ကျွန်ုပ်တို့ ယုံကြည်သည့်အခါ ဘုရားသခင့် စိတ်တော်နှင့်တွေ့သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**

**ရုပ်ပြ ။** ။အာဗြဟံထံ ပေးသော ဘုရားသခင်၏ ကတိတော်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(၁ကော ၁၀း၁၃)*** ဘုရားသခင်သည် သစ္စာရှိသည်။ သစ္စာရှိခြင်း၏ အဓိပ္ပာယ်မှာ ဘုရားသခင်သည် သူ၏ကတိတော်ကို စောင့်ထိန်းနိုင်သော အရှင်ဖြစ်သည်။ သို့မဟုတ် ***(ကမ္ဘာဦး ၁၅း၆)*** အာဗြဟံ ဘုရားသခင်ကို ယုံကြည်သည့်အတွက် သူသည် ဘုရားသခင်၏ စိတ်တော်နှင့် တွေ့ခဲ့ရကြောင်း ရှင်းပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ အာဗြံကြားသိခဲ့ပြီးသာ ၊အာဗြံထံ ဘုရားသခင် ပေးခဲ့ပြီးသာဖြစ်သည့် ကတိတော်မှာ အဘယ်နည်း။

၂။ အိပ်မက်အားဖြင့် အာဗြံထံ ဘုရားသခင်ပေးသော ကတိတော်မှာ အဘယ်နည်း။

၃။ အာဗြံ၏ ဇနီးမှာ မည်သူနည်း။

၄။ ဘုရားသခင်သည် အာဗြံအားမည်သည့်အရာ ပြခဲ့သနည်း။

၅။ ဘုရားသခင်သည် ကြယ်များနှင့် မည်သည့်အရာကို နှိုင်းယှဉ်ပြသခဲ့သနည်း။

၆။ ဘုရားသခင်သည် အာဗြံအား ဤကတိတော်ကို ပေးသည့်အခါ အာဗြံဘာလုပ်နေသနည်း။

၇။ အာဗြံ၏ နာမည်အသစ်မှာ အဘယ်နည်း။

၈။ စာရဲ၏ နာမည် အသစ်မှာ အဘယ်နည်း။

၉။ ကျွန်ုပ်တို့ထံ ပေးထားသော ကတိတော်ကို ကျွန်ုပ်တို့သင်ယူကြသည့်အခါ ကျွန်ုပ်တို့ထံမှ ဘုရားသခင်လိုလာသော အရာမှာ အဘယ်နည်း။

၁၀။ "ယုံကြည်ခြင်း"ဆိုသော စကားလုံး၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

<u>(က) ၅ ပုံပြင် (၄)</u>

## အာဗြဟံနှင့် ဧည့်သည်တော်များ။ ။ဤပုံပြင်သည် ဘုရားသခင်၏ ကတိတော်ပြည့်စုံလာသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ဘုရားသခင်သည် သူ၏ကောင်းကင်တမန် (သတင်းပေးပို့သူ)များကို နည်းအမျိုးမျိုးဖြင့် စေလွှတ်လေ့ရှိသည်။အထူးသဖြင့် ကျမ်းစာစုစည်းရေးသားထားခြင်း မရှိသေးသော အချိန်တွင်ဖြစ်သည်။ သတင်းပေးသူ သုံးဦးတို့သည် ဘုရားသခင်ထံမှ သတင်းစကာကို အာဗြဟံထံ ယူဆောင်လာကြသည်။
- ဘုရားသခင်သည် သူ၏ကတိတော်ကို စောင့်ထိန်းရန် သစ္စာရှိသော အရှင် ဖြစ်သည်။ ဘုရားသခင် မတက်နိုင်သောအမှု တစုံတခုမျှမရှိပေ။

**အဓိကသော့ချက်ကျမ်း** *။ ကမ္ဘာဦး ၁၈း၁၄*
**အခြေပြုကျမ်း။** *။ကမ္ဘာဦး ၁၈း၁-၁၅*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

၁။ မမျှော်လင့်ဘဲ ဧည့်သည်လာသည့်အခါ သင်တို့၏ ယဥ်ကျေးမှု ထုံးစံအရ မည်ကဲ့သို့ ဖြစ်တက်ကြောင်း ပြောပါ။ ဥပမာ ပေးသည့်အရာအချို့ကို သင်အသုံးပြုခြင်းဖြင့် ပြောပြနိုင်သည်။ သို့မဟုတ် ဧည့်သည်လာသည့်အခါ ကြိုဆိုသည့် ပုံစံကို ကစားနည်းလေး ပြုလုပ်၍လည်း ပုံဖော်ပြနိုင်သည်။
၂။ အာဗြဟံ၏ ဧည့်သည်များ ရောက်လာသော ပတ်ဝန်းကျင် အခြေအနေ- အာဗြဟံသည် နေ့လည်ခင် အချိန်တွင် တဲတံခါဝတွင် ထိုင်၍အနားယူနေသည်။ လူအချို့သူထံသို့ ချဉ်းကပ်လာသည်ကို သူသတိထားမိသည်။ မည်သူများဖြစ်မည်နည်း။

**သင်ကြားပေးပါ။**

၁။ အာဗြဟံသည် သူထံလာသော ဧည့်သည်များကိုဆီးကြိုပြီးရေနှင့် အစားအစာ ပြင်ဆင်ပေးခဲ့သည်။ ***(ကမ္ဘာ ၁၈း၂-၈)*** *စာရာ၏ လုပ်ဆောင်မှုအပိုင်းကို ရှင်းပြပါ။ ဤပုံပြင်ပြောသောအချိန်တွင် ဇာတ်လမ်း ပုံပေါ်လွင်စေရန် - နေပူသောအချိန် ခြေဆေးရန်အတွက် အေးသောရေ ၊ အစားအစာ၏အနံ့ စသည်တို့ကို ထည့်သွင်းဖေါ်ပြပါ။*
၂။ အစားအစာများကို သုံးဆောင်ပြီးနောက် ဧည့်သည်သုံးဦးတို့က နောက်နှစ်ဒီအချိန်တွင် စာရာသည် သားယောက်ျားကိုဖွားမြင်လိမ့်မည်ဟု အာဗြဟံထံ သတင်းကောင်းပြောခဲ့သည်။ ***(ကမ္ဘာ ၁၈း၉-၁၀)*** *ဧည့်သည်တို့သည် ဤအကြောင်းကို အဘယ်သို့သိသနည်း။ ဧည့်သည်များမှာ မည်သူတို့ ဖြစ်ကြောင်း ရှင်းပြပါ။ သူတို့သည် ကောင်းကင်မှလာသော ဘုရားသခင်၏ သတင်းပို့သူများဖြစ်ကြသည်။ တစ်ဦးမှာ သခင်ယေရှုဖြစ်ပြီး ကျန်နှစ်ဦးမှာ ကောင်းကင်တမန်များဖြစ်ကြသည်။ ဤသတင်းကို ကြားသည့်အခါ အာဗြဟံ မည်သို့ခံစားမည်ကို ဆွေးနွေးပါ။* ဘုရားသခင်၏ ကတိတော် များသည် ပြည့်စုံရန် အလွန်နီးကပ်လာပြီးဖြစ်သည်။
၃။ ဤအရာသည် မဖြစ်နိုင်သောအရာဖြစ်သည်ဟု စာရာတွေးထင်သည့်အတွက်ကြောင့် စာရာ ရယ်ခဲ့သည်။ သို့သော် မဖြစ်နိုင်သောအရာကို ဖြစ်စေနိုင်သည့်အရာမှာ ဘုရားသခင်၏ ကတိတော်ပင် ဖြစ်သည်။ ***(ကမ္ဘာဦး ၁၈း၁၁-၁၅)*** *စာရာ ရယ်သောအခါ ဘုရားသခင် အဘယ်ကဲ့သို့ ခံစားမည်ကို ဆွေးနွေးပါ။*
၄။ တစ်နှစ်ကြာပြီးနောက် စာရာသည် သားယောက်ျားကို ဖွားမြင်ခဲ့သည်။ ***(ကမ္ဘာဦး ၂၁း၁-၇)*** *သူတို့ ခံစားရသည့် ပျော်ရွှင်းခြင်းကို ကြိုးစားပုံဖော်ကြည့်ပါ။ ဘုရားသခင်သည် သူ၏ ကတိတော်ကို စောင့်ထိန်းခဲ့ပါသလား။ အဆင့်(၂)သင်ခန်းစာကို သင်ယူသော ကလေးများအတွက် ဣဇက်နာမည်၏ အဓိပ္ပာယ်ကို ရှင်းပြပါ။(ရယ်မောခြင်း)*
၅။ *ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ပေးထားသောကတိတော်ကို ထိန်းသိမ်းစောင့်ရှောက် ပေးပိုင်နိုင်သော အရှင်ဖြစ်သည်။ ဘုရားသခင်အတွက် ခက်ခဲသော အလုပ်ဟူ၍ မရှိပါ။ ယနေ့တိုင်အောင် မပြောင်လဲသောဘုရား ဖြစ်သည်။မည်မျှ ကိုးစားထိုက်သော ဘုရားဖြစ်ပါသနည်း။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**
**ရုပ်ပြ ။** ။အာဗြဟံနှင့်လူစိမ်းသုံးဦး

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ကမ္ဘာဦး ၁၈း၁၄)***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ဤမေးခွန်းများမှာ ပုံပြင်နှင့် ဆက်စပ်နေသော အကြောင်းများဖြစ်သည်။ ဤမေးခွန်းများကို သင်သုံးလိုလျှင် သုံးနိုင်သည်။ သို့မဟုတ် က (၅)ရှိ ပုံပြင် ၄ ခုမှ မေးခွန်းများကို အခြေခံ၍လည်းမေးနိုင်သည်။
၁။ ဧည့်သည်များရောက်လာသော အချိန်သည် တနေ့တာ၏ မည်သည့် အချိန်ဖြစ်သနည်း။
၂။ ထိုအချိန်တွင် အာဗြဟံသည် မည်သည့်နေရာ၌ ရှိနေသနည်း။
၃။ အာဗြဟံသည် စာရာအား မည်သည့်အရာလုပ်စေခဲ့သနည်း။
၄။ သူတို့စားသုံးသော အရာမှာအဘဘယ်နည်း။
၅။ ဧည့်သည်များ သတင်းစကားပြောသော အချိန်တွင် စာရာသည် မည်သည့်နေရာ၌ ရှိနေသနည်း။
၆။ စာရာ အဘယ်ကြောင့်ရယ်သနည်း။
၇။ အချိန်မည်မျှကြာလျှင် စာရာသည် သားကို ရလိမ့်မည်နည်း။
၈။ ထိုကလေး၏ အမည်မှာ အဘယ်နည်း။
၉။ ဣဇက်မွေးဖွားလာသောအချိန်တွင် အာဗြဟံ၏ အသက်မှာ မည်မျှနည်း။
၁၀။ အာဗြဟံနှင့်စာရာတို့ ပျော်ရွှင်ရသော အကြောင်းရင်း နှစ်ရပ်ကို စဉ်စားပါ။(သူတို့သားကိုရသည်။ ဘုရားသခင်သည် သူ၏ကတိကို စောင့်ထိန်းခဲ့သည်။)

**လုပ်ဆောင်ပါ။** ။ပုံပြင်၏ ပထမပိုင်း လုပ်ဆောင်ခြင်းကို ကလေးများ ပျော်ရွှင် ပေလိမ့်မည်။ အပြုအမူတိုင်းကို သေချာစွာလုပ်ဆောင်ပါ။ ကလေးအကြီးများအား အာဗြဟံ ၊ စာရာ ၊ အစေခံနှင့် ဧည့်သည် သုံးယောက် နေရာတွင် သရုပ်ဆောင်စေပါ။ ငယ်သော အဖွဲ့များကို ပြဇာတ်တွင် သရုပ်ဆောင်ခြင်း သို့မဟုတ် စကားပြောပိုင်းတွင် ပါဝင်စေပါ။

## (က) ၆ ပုံပြင် (၁)

## အာဗြဟံသည် ဘုရားသခင်ထံ နာခံခဲ့သည်။ ။ဤပုံပြင်မှာ ဘုရားသခင်ကိုချစ်ခြင်းသည် အရာအားလုံထက် ကောင်းသည့် အကြောင်း ဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• အာဗြဟံသည် အရာအားလုံးထက် ဘုရားသခင်ကို ချစ်သည်။<br>• ကျွန်ုပ်တို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်သင့်သည်။<br><br>**အဓိကသော့ချက်ကျမ်း** ***။ ကမ္ဘာဦး ၂၂း၈ သို့မဟုတ် တရာဟောရာ ၆း၅***<br>**အခြေပြုကျမ်း။** ***။ကမ္ဘာဦး ၂၂း၁-၉*** |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ၁။ သူတို့အတွက် အလွန်အရေးပါသည့် အရာအချို့ကို ကလေးများအား ပြောစေပါ။ သင်၏အသက်တာ၌ အရေးပါဆုံးသော အရာမှာ အဘယ်နည်း။ အဘယ်ကြောင့် အရေးပါရသနည်း။<br>၂။ အရေးပါသော ထိုအရာကို စွန့်လွှတ်ရမည်ဆိုလျှင် ကလေးများ မည်ကဲ့သို့ ခံစားကြလိမ့်မည်နည်း ဟုမေးပါ။ ထိုအရေးပါသောအရာကို သင်စွန့်လွှတ်နိုင်လိမ့် မည်လား။ ထိုအရာများကို စွန့်လွှတ်ရပါလျှင် သူတို့မည်ကဲ့သို့ ခံစားကြလိမ့်မည်နည်း။ ယနေ့ပုံပြင်မှာ အာဗြဟံအတွက် အလွန်အရေးပါသည့် အရာကို စွန့်လွှတ်ခဲ့ရသည့် အကြောင်းဖြစ်သည်။ |
| **သင်ကြားပေးပါ။** | ၁။ ဘုရားသခင်သည် အာဗြဟံနှင့်စာရာထံ ပေးသောကတိတော်ကို စောင့်ထိန်းပြီး သူတို့အား သားကို ပေးသနားတော်မူခဲ့သည်။ထိုသား၏ အမည်မှာ ဣဇာက်ဖြစ်သည်။ သူတို့သည် သားငယ်အား အလွန်ချစ်မြတ်နိုးကြသည်။ ***(ကမ္ဘာဦး ၂၁း၁-၃)***<br>၂။ တနေ့တွင် ဘုရားသခင်သည် အာဗြဟံအား ဣဇာက်ကို မောရိပြည်ရှိ တောင်သို့ ခေါ်သွားရန် မိန့်ကြားခဲ့သည်။ ထိုအချိန်တွင် ဣဇာက်သည် ဆယ်ကျော်သက်အရွယ် ရောက်ပြီးဖြစ်သည်။အာဗြဟံ၏သား ဣဇာက်ကို သူ့အတွက် ယဇ်ပူဇော်ပေးရန် ဘုရားသခင် အလိုတော်ရှိသည်။ ဘုရားသခင်သည် အာဗြဟံ သူအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာကို သိလို၍စမ်းသပ်ခြင်းဖြစ်သည်။ ဤတောင်းဆိုမှုသည် အာဗြဟံအတွက် အလွန်ဝမ်းနည်းစေသော အရာဖြစ်သော်လည်း ဘုရားသခင်ကို သူကိုးစားပြီး ဘုရားသခင်အလိုတော်ရှိသည့်အတိုင်း သူလုပ်ဆောင်ခဲ့သည်။ ***(ကမ္ဘာဦး ၂၂း၁-၂)*** *အာဗြဟံသည် စိတ်နှလုံးအကြွင်းမဲ့ ဘုရားသခင်ကို ချစ်သည်။ခက်ခဲသောအရာကို လုပ်ဆောင်ရန် ဘုရားသခင် တောင်းဆိုသောအချိန်မှာပင်လျှင် ဘုရားသခင်၏ စကားကိုနားထောင်ပြီး၊ နာခံရန် ဆန ´ရှိသူဖြစ်သည်။*<br>၃။ နံနက်စောစောတွင် အာဗြဟံသည် လမ်းခရီးအတွက် လိုအပ်သည်များကို ပြင်ဆင် ခဲ့သည်။ ယဇ်ပူဇော်ရန်အတွက် ထင်းကို ခွဲးပြီးမှ အစေခံနှစ်ဦးနှင့်အတူမြည်းကို ကုန်းနှီးတင်ပြီးသွားလေ၏။ ***(ကမ္ဘာ ၂၂း၃)***<br>၄။ သုံးရက်ကြာပြီးနောက် ဘုရားသခင်ပြတော်မူသော တောင်သို့ရောက်ကြ၏။ မြည်းနှင့် အတူ တောင်ခြေ၌စောင့်နေရန် အစေခံနှစ်ဦးအား မှာကြားခဲ့သည်။ သူ၏ဖခင်မှာ မီးနှင့်ဓားကို သယ်၍သွားနေစဉ် ဣဇာက်သည် ထင်းကို သယ်၍သွားခဲ့သည်။ ***(ကမ္ဘာဦး ၂၂း၄-၆)***<br>၅။ သူတို့တောင်ပေါ်သို့ စတင်တက်ချိန်တွင် ယဇ်ပူဇော်ရန် ယဇ်ကောင်သည် အဘယ်မှာနည်းဟု ဣဇာက်သည် သူ၏ဖခင်အား မေးခဲ့သည်။ “ငါ့သား ဘုရားသခင်အတွက် ယဇ်ကောင်ကို ဘုရားသခင်ကိုယ်တော်တိုင် ပြင်ဆင်လိမ့်မည်။”ဟု အာဗြဟံပြန်ဖြေခဲ့သည်။ ***(ကမ္ဘာဦး ၂၂း၇-၈)***<br>၆။ *အာဗြဟံသည် ဘုရားသခင်ကို ချစ်သည့်အတွက်ကြောင့် နာခံခဲ့သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးအကြွင်းမဲ့နှင့် ဘုရားသခင်ကိုချစ်ရန် ဘုရားသခင်အလိုတော်ရှိသည်။ ကျွန်ုပ်တို့အား သူလုပ်ဆောင်စေလိုသော အရာများကိုလည်း နာခံလုပ်ဆောင်ရန် သူအလိုတော် ရှိသည်။*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။**<br>**ရုပ်ပြ ။** ။အာဗြဟံ နှင့် ဣဇာက် |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ကမ္ဘာဦး ၂၂း၈ သို့မဟုတ် တရားဟောရာ ၆း၅)*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ၁။ အာဗြဟံ၏သားကို မည်သို့ခေါ်သနည်း။<br>၂။ အာဗြံအား ဘုရားသခင် သွားရောက် ယဇ်ပူဇော်စေလိုသောတောင်မှာ အဘယ်နည်း။<br>၃။ အာဗြဟံသည် သူနှင့်အတူ အစေခံမည်မျှကို ခေါ်ဆောင်သွားသနည်း။<br>၄။ အာဗြဟံသည် မည်သည့် တရိစ္ဆာန်ကို ခေါ်ဆောင်သွားသနည်း။<br>၅။ ဘုရားသခင် ပြတော်မူသော တောင်သို့ရောက်ရန် အချိန်မည်မျှ ကြာခဲ့သနည်း။<br>၆။ “ သူ့အတွက် သူပြင်ဆင်လိမ့်မည်” ဟု အာဗြဟံ ဆိုရာတွင် မည်သူ့ကို ရည်ညွှန်းနေခြင်း ဖြစ်ပါသနည်း။<br>၇။ လူအားလုံး ၊အရာအားလုံးထက် အာဗြဟံချစ်သောသူမှာ မည်သူနည်း။<br>၈။ မည်သူ့ကို ကျွန်ုပ်တို့၏ စိတ်နှလုံး အကြွင်းမဲ့နှင့် ချစ်သင့်သနည်း။ |

## (က) ၆ ပုံပြင် (၂)

**အာဗြဟံသည် ဘုရားသခင်ကို နာခံသည်။ ။ဤပုံပြင်သည် ဣဇက်၏နေရာတွင် သိုးသူငယ်တစ်ကောင်အား အစားထိုးခြင်း အကြောင်း ဖြစ်သည်။**

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• ဣဇက်၏နေရာတွင် အစားထိုးရန် သိုးသူငယ်ကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။<br>• ကျွန်ုပ်တို့အတွက် သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးသောအခါတွင် သူသည် ကျွန်ုပ်တို့ ကိုယ်စား အစားထိုးပေးခဲ့ခြင်းဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်း** ။ *ဂလာတိ ၂း၂၀*<br>**အခြေပြုကျမ်း။** ။*ကမ္ဘာဦး ၂၂း၉-၁၄* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ၁။ ကလေးများသည် သူတို့ပြုလုပ်ခဲ့သည့် မှားယွင်းသောအရာ တစုံတခုအတွက် အပြစ်ပေးခံရမည့်အခြေအနေတွင် ရှိနေသည့်အကြောင်းကို သူတို့စိတ်ကူးဖြင့် တွေးတောစေပါ။ သင်မည်သို့ ခံစားမည်နည်း။<br>၂။ ထို့နောက် ထိုအပြစ်ဒဏ်ကို အခြားသောသူတစ်ဦးက အစားခံပေးခဲ့ပြီးဖြစ်လျှင် မည်သို့ဖြစ်မည်ကို ကလေးများအားတွေးတောစေပါ။ သူတို့မည်သို့ ခံစားရမည်နည်း။<br>၃။ ယနေ့ပုံပြင်သည် ဣဇက်၏နေရာတွင် တစုံတခုက အစားထိုးခဲ့သည့် အကြောင်းဖြစ်သည်။ |
| **သင်ကြားပေးပါ။** | ၁။ ပြီးခဲ့သော ပုံပြင်ကို ကလေးများအား ပြန်၍ သတိပေးပါ။ နောက်ဆုံးတွင် အာဗြဟံနှင့်ဣဇက်တို့သည် တောင်ထိပ်ပေါ်သို့ ရောက်ရှိသွားကြသည်။ သူတို့သည် ကျောက်တုံးတို့ဖြင့် ယဇ်ပလ္လင်ကို တည်လိုက်ကြသည်။ ***(ကမ္ဘာဦး ၂၂း၉-၁၀)***<br>၂။ အာဗြဟံသည် ဣဇက်အား ဘုရားသခင်ထံ ပူဇော်ခါနီးအချိန်တွင် ကောင်းကင်မှ ကောင်းကင်တမန်သည် အာဗြဟံအား ခေါ်၍လုလင်အား မထိခိုက်နှင့် အလျှင်းမပြုနှင့် ဟု ဆိုလေ၏။ အာဗြဟံသည် ဘုရားသခင်ကို မည်မျှချစ်ကြောင်း ယခုတွင် သက်သေပြခဲ့ပြီး ဖြစ်သည်။ ***(ကမ္ဘာဦး ၂၂း၁၁-၁၂)***<br>၃။ အာဗြဟံသည် ဘေးသို့ကြည့်လိုက်ရာ ချုံပုတ်တွင် ချိညိနေသော သိုးသူငယ် တစ်ကောင်ကို သူတွေ့လိုက်သည်။ ထိုသိုးကို ယူ၍ ဣဇက်၏နေရာတွင် အစားထိုးပြီး ယဇ်ပူဇော်ခဲ့သည်။ ***(ကမ္ဘာဦး ၂၂း၁၃)***<br>၄။ *သိုးသူငယ်သည် ဣဇက်၏ နေရာတွင် အစားထိုခဲ့ပြီးဖြစ်သည်ကို အာဗြဟံနှင့်ဣဖက် ကောင်းစွာနားလည်သွားသည့်အခါ သူတို့မည်ကဲ့သို့ ခံစားကြလိမ့်ဟု သင်ထင်ပါသနည်း။*<br>၅။ *သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည့်အချိန်တွင် ကျွန်ုပ်တို့အတွက် သူအစားထိုးပေးခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မှားယွင်းသည့် အရာများကို လုပ်ဆောင် ခဲ့ကြသော်လည်း သခင်ယေရှု အသေခံပေးခြင်းအားဖြင့် ထိုအပြစ်ဒဏ်များအားလုံးကို သူယူဆောင်သွားခဲ့ပြီးဖြစ်သည်။*<br>၆။ *သခင်ယေရှုသည် ကျွန်ုပ်တို့အားချစ်ပြီး အပြစ်အတွက် အပြစ်ဒဏ်ကို မခံစေလိုသည့်အတွက် ကျွန်ုပ်တို့ကိုယ်စား အသေခံပေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့အားကျေးဇူးတင်ရန်နှင့်ချစ်ရန် သူအလိုတော်ရှိသည်။*<br>၇။ *သင့်အတွက် အသက်စွန့်ပြီး ချစ်ခဲ့သော ယေရှု၏ ချစ်ခြင်းမေတ္တာကို သင်သိရသောအခါ သင်အား မည်သို့ခံစားစေပါသနည်း။*<br>၈။ *ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်ကြောင်း မည်သို့ သက်သေပြမည်နည်း။*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။**<br>**ရုပ်ပြ ။** ။အာဗြဟံ နှင့် ဣဇက် |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ဂလာတိ ၂း၂၀)*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ၁။ အာဗြဟံသည် မည်သည့်နေရာတွင် ယဇ်ပလ္လင်ကိုတည်ခဲ့သနည်း။<br>၂။ ယဇ်ပလ္လင်ကို တည်သည့်အခါ မည်သည့်အရာကို သူအသုံးပြုခဲ့သနည်း။<br>၃။ ကောင်းကင်မှ မည်သူ ခေါ်သနည်း။<br>၄။ ကောင်းကင်တမန်သည် အာဗြဟံအား မည်သည့်အရာကို ပြောခဲ့သနည်း။<br>၅။ အာဗြဟံသည် ဘုရားသခင်အား မည်သည့်အရာကို သက်သေပြခဲ့သနည်း။<br>၆။ ဣဇက်၏ နေရာတွင် မည်သည့်အရာကို အစားထိုးခဲ့သနည်း။<br>၇။ ကျွန်ုပ်တို့ကိုယ်စား လက်ဝါးကပ်တိုင်ပေါ်တွင် မည်သူအစားထိုးခဲ့သနည်း။<br>၈။ သခင်ယေရှုသည် အဘယ်ကြောင့် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သနည်း။ |

## (က) ၆ ပုံပြင် (၃)
## ဘုရားသခင်၏ကူညီမစခြင်း။ ။ဤပုံပြင်သည် ဘုရားသခင် လမ်းပြသည့် အကြောင်းဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>• ဘုရားခင်၏ကူညီမစမှုကို အစေခံများတောင်းခံပြီး သူတို့ကို ဘုရားသခင် ကူညီပေးခဲ့သည်။<br>• ကျွန်ုပ်တို့ တောင်းလျှောက်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကူညီပေးလိုသည်။<br><br>**အဓိကသော့ချက်ကျမ်း** *။ ကမ္ဘာဦး ၂၄း၂၇ သို့မဟုတ် မသဲ ၇း၇*<br>**အခြေပြုကျမ်း။** *။ကမ္ဘာဦး ၂၄း၁-၂၈* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ၁။ သူတို့အား ကူညီသည့် လူများအကြောင်း ကလေးများကိုမေးပါ။ သင်ကိုမည်သူကူညီပေးသနည်း။ မည်သည့်အရာကို သင့်အား သူတို့ကူညီပေးခဲ့သနည်း။ သူတို့သင့်ကို ကူညီပေးခဲ့သည့်အခါ သင်မည်သို့ ခံစားသနည်း။<br>၂။ ကလေးများ သူတပါးအား ကူညီပေးခဲ့ကြသည့်အကြောင်းကို ပြန်ပြောပြစေပါ။<br>၃။ ယနေ့ပုံပြင်မှာ ဘုရားသခင်သည် လူတစ်ဦးအား ကူညီမစခဲ့သည့်အကြောင်း ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။ |
| **သင်ကြားပေးပါ။** | ၁။ အာဗြဟံသည် အသက်အရွယ်ကြီးရင့်လာပြီးဖြစ်သည်။သို့သော် သူမသေမီ ဣဇက်အား ကောင်းစွာလက်ထပ်ထိမ်းမြားစေလိုသည်။ ထို့ကြောင့် သူ၏အစေခံအား သူ့သားအတွက် သတို့သမီး ရှာရန် သူလမ်းညွှန်ပေးခဲ့သည်။ မှန်သောအမျိုးသမီးကို ရွေးခြယ်နိုင်ဖို့ ဘုရားသခင်၏ ကူညီမစမှုရရှိရန် ဘုရားသခင်အား ကိုးစားရန် သူလမ်းညွှန်ခဲ့သည်။ ***(ကမ္ဘာ ၂၄း၁-၉)*** *ဣဇက်အတွက် အမျိုးသမီးရှာပေးရန် အာဗြဟံ တောင်းဆိုသည့်အချိန်တွင် အစေခံမည်သို့ ခံစားလိမ့်မည်နည်း။သင်မည်သို့ ထင်ပါသနည်း။*<br>၂။ အစေခံသည် အာဗြဟံ၏ ကုလားအုတ် ဆယ်ကောင်ကိုယူပြီး ခရီးစတင်ခဲ့သည်။ ခရီးထွက်ခဲ့ပြီး ရက်ပေါင်းများစွာကြာပြီးနောက် နာခေါ်မြို့အနီးရေတွင်းနာတွင် နားလိုက် ကြသည်။ ထိုအချိန်သည် ညနေခင်းအချိန်ဖြစ်၍ အမျိုးသမီးငယ်များ ရေလာခပ်ကြမည့် အချိန်ဖြစ်သည်။ ***(ကမ္ဘာဦး ၂၄း၁၀-၁၁)***<br>၃။ အာဗြဟံ၏ ကျွန်သည် ဆုတောင်းခဲ့သည်။ ရေခပ်လာသော အမျိုးသမီးငယ်များထဲမှ ဣဇက်အတွက် သင့်လျှော်သော အမျိုးသမီးကို ဖော်ပြပေးရန် သူဆုတောင်းခဲ့သည်။ ရေသောက်ရန်သူရေတောင်းသည့်အခါ သူအားရေပေးပြီး သူ၏ကုလားအုတ်များကိုပါ ရေတိုက်သောအမျိုးသမီးသည် ဣဇက်အတွက် ဘုရားပြင်ဆင်ပေးသော အမျိုးသမီးဖြစ်ပါစေ ဟု သူဆုတောင်းခဲ့သည်။ ***(ကမ္ဘာဦး ၂၄း၁၂-၁၄)***<br>၄။ မကြာမီ အမျိုးသမီးချောလေးတစ်ဦးသည် ရေတွင်းသို့ရေလာခပ်သည်။ သူမအမည်မှာ ရေဗက္ကာဖြစ်သည်။ သူရေတောင်းသောက်လိုက်သော အချိန်တွင် ထိုအမျိုသမီးငယ်မှာ သူ့အားရေပေးပြီး သူ၏ကုလားအုတ်များကို ဝလျှင်စွာရေတိုက်ပေးသည်။ *ထိုအစေခံမည်သို့ တွေးနေမည်နည်း။ မည်သို့ခံစားနေမည်နည်း။* ***(ကမ္ဘာဦး ၂၄း၁၅-၂၁)***<br>၅။ သူ့သခင်အာဗြဟံ ပေးလိုက်သော လက်ဆောင်ကို သူမအားပေးပြီးနောက် ယနေ့ညတွင် တည်းခိုနိုင်ရန် သင်တို့အိမ်၌ အခန်းလွတ်များရှိပါသလားဟု သူမေးခဲ့သည်။ အခန်းလွတ်များစွာရှိပါသည်ဟု သူမပြန်ပြောလိုက်သောအချိန်တွင် အစေခံသည်ဒူးထောက်၍ ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းခဲ့သည်။ မှန်သောအမျိုးသမီးကို ရွေးချယ်နိုင်ရန် သူအားကူညီပေးခဲ့သည့် ဘုရားသခင်၏ ကျေးဇူးတော်ကို သူချီးမွမ်းခဲ့သည်။ ***(ကမ္ဘာဦး ၂၄း၂၂-၂၇)***<br>၆။ *ခက်ခဲသောအလုပ်ကို လုပ်ဆောင်ရန်သင်တွေ့ကြုံဖူးပါသလား။ ဥပမာပေး၍ဖော်ပြပါ။*<br>၇။ *အစေခံသည် မည်သူ့ထံ ဆုတောင်းခဲ့သနည်း။*<br>၈။ *ကျွန်ုပ်တို့အား ကူညီရန် မည်သူ့ထံ ဆုတောင်းနိုင်သနည်း။*<br>*ကျွန်ုပ်တို့ရွေးချယ်သောအချိန်နှင့်ဆုံးဖြတ်ချက်ချသောအချိန်တွင် ဘုရားသခင်သည် ကူညီပြီးလမ်းပြပေးလိုသည်။ မှန်သောရွေးချယ်မှုကို ပြုလုပ်နိုင်ရန် ဘုရားသခင် ကူညီပေး လိမ့်မည်။*<br><br>**သင်ခန်းစာကို အဆုံးသတ်ပါ ။**<br>**ရုပ်ပြ ။** ။အာဗြဟံနှင့်ဣဇက် |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏အရေးပါမှု့ကို ရှင်းပြပြီးသင်ပေးပါ။ ***(ကမ္ဘာဦး ၂၄း၂၇ သို့မဟုတ် မသဲ၇း၇)*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ၁။ ဣဇက်အတွက် အမျိုးသမီးကို မည်သူသွားရှာခဲ့သနည်း။<br>၂။ အစေခံသည် ကုလားအုတ် မည်မျှကို ယူဆောင်သွားခဲ့သနည်း။<br>၃။ အစေခံသည် မည်သည့်နေရာတွင် နားလိုက်သနည်း။<br>၄။ ထိုအချိန်သည် တနေ့တာ၏ မည်သည့်အချိန်ဖြစ်သနည်း။<br>၅။ မှန်သောအမျိုးသမီးကို ရွေးချယ်နိုင်ရန် အစေခံသည် မည်သူ့ထံအကူအညီ တောင်းခံ ခဲ့သနည်း။<br>၆။ ရေတွင်း၌ရှိသော အမျိုးသမီး၏ အမည်မှာအဘယ်နည်း။<br>၇။ အစေခံအား ကူညီရန် သူမ ဘာလုပ် ပေးခဲ့သနည်း။<br>၈။ သူ့အားဘုရားသခင် ကူညီပေးကြောင်းသိသောအခါ အစေခံ ဘာလုပ်သနည်း။<br><br>ဤအချိန်သည် ရုပ်ပုံဆွဲးရမည့်အချိန်ဖြစ်သည်။ တစ်ဦးဦးအား ကလေးများ ကူညီခဲ့ကြသည့် အကြောင်းကို ပုံရေးဆွဲးခြင်းဖြင့် ဖော်ပြစေပါ။ |

## (က) ၆ ပုံပြင် (၄)

## ဘုရားသခင်၏ရွေးချယ်ခြင်း။ ။ဤပုံပြင်သည် ရေဗက္ကာကို ဣဇက် လက်ထပ် ယူသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**

- ရေဗက္ကာနှင့် ဣဇက်တို့သည် ဘုရားသခင်၏ အကြံအစည်တော်ကို လိုက်နာပြီး သူတို့ ပျော်ရွှင်ခဲ့ကြရသည်။
- ဘုရားသခင်၏ အလိုတော်လမ်းသို့ ကျွန်ုပ်တို့လိုက်လျှောက်လျှင် ပျော်ရွှင်ရမည်ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** ။ *ဆာလံ ၁၄၄း၁၅*

**အခြေပြုကျမ်း။** ။*ကမ္ဘာဦး ၂၄း၂၈-၆၇*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

၁။ လက်ထပ်ပွဲတက်ရောက်ဖူးသော အတွေ့အကြုံ ရှိပါသလား ဟု ကလေးများအားမေးပါ။ မည်သူတို့ လက်ထပ်ကြသနည်း။ သူတို့ မည်သည့်အရာ ဝတ်ထားကြသနည်း။ လက်ထပ်ပွဲ၌ မည်သည့်အရာ ဖြစ်သနည်း။ သတို့သမီးနှင့် သတို့သားတို့ ပျော်ရွှင်ကြပါသလား။

၂။ ယနေ့ပုံပြင်သည် သမ္မာကျမ်းစာထဲရှိ လက်ထပ်ပွဲကျင်းပသည့် အကြောင်း ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။ ဤလက်ထပ်ပွဲသည် သင့်နိုင်ငံတွင် ပြုလုပ်ကျင်းပလေ့ရှိသော လက်ထပ်ပွဲနှင့် မတူညီပေ။

### သင်ကြားပေးပါ။

၁။ ပြီးခဲ့သော ပုံပြင်ကို ကလေးများ မှတ်မိစေရန် ပြန်၍သတိပေးနှိုးဆော်ပါ။

၂။ သူမတွေ့ကြုံခဲ့သော အရာကို မိသားစုထံပြောပြရန် ရေဗက္ကာသည် အိမ်သို့ပြေးသွား ခဲ့သည်။ သူအစ်ကို လာဗန်သည် ရေတွင်းသို့ ပြေးလာခဲ့ပြီး အာဗြဟံ၏ အစေခံအား မိမိအိမ်သို့ခေါ်ဆောင်ကာ နွေးထွေးစွာ ကြိုဆိုခဲ့သည်။ သို့သော် အစေခံသည် ဧည့်ခံမည့် အစားအစာကိုမစားမီ ဤအရပ်သို့သူလာရသည့် အကြောင်းကို ရေဗက္ကာနှင့် သူမ၏ မိသားစုထံ ပြောပြခဲ့သည်။ ***(ကမ္ဘာဦး ၂၄း၂၈-၄၉)***

၃။ ရေဗက္ကာအတွက် ဣဇက်၏ အစေခံကို ပို့ဆောင်ပေးသောသူမှာ ဘုရားသခင်ဖြစ်ကြောင်း လာဗန်နှင့်သူ၏ဖခင်သည် လက်ခံခဲ့သည်။ ရေဗက္ကာအား ဣဇက်၏ ဇနီးမယားအဖြစ် ခေါ်သွားခွင့်ပြုရန် တောင်းဆိုသည့် အစေခံ၏တောင်းဆိုမှု တုန့်ဆိုင်းခြင်းမရှိဘဲ ခွင့်ပြုပေး ခဲ့သည်။ သူ၏ဆုတောင်းခြင်းကို အဖြေပေးခဲ့သည့်အတွက် အစေခံသည် ဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းခဲ့သည်။ ထို့နောက် အစေခံသည် ရေဗက္ကာနှင့် သူမ၏မိသားစုထံ လက်ဆောင်များစွာပေးခဲ့သည်။ ***(ကမ္ဘာဦး ၂၄း၅၀-၅၃)***

၄။ နောက်တနေ့ နံနက်၌ အာဗြဟံ၏အစေခံနှင့်အတူ လိုက်သွားပြီး ဣဇက်အား လက်ထပ် မည်လော့ဟု မေးသောအခါ ရေဗက္ကာသဘောတူခဲ့သည်။ ***(ကမ္ဘာဦး ၂၄း၅၄-၆၁)*** *ရေဗက္ကာ မည်ကဲ့သို့ခံစားမည်နည်း။ (သူမသည် ဣဇက်နှင့် ဣဇက်မိသာစုကို မသိသည့်အတွက် အရမ်းစိတ်လှုပ်ရှားနေပေမည်။ သို့သော် ဤအရာသည် ဘုရားသခင်၏ အကြံအစည် ဖြစ်သည့်အတွက် ပို၍စိတ်လှုပ်ရှားနေမည်ဖြစ်သည်။)*

၅။ အာဗြဟံ၏ အိမ်သို့ပြန်ရောက်ခဲ့ပြီး။ မည်သည့်အရာများဖြစ်လာမည်နည်း ဟုတွေးရင် ဣဇက်သည် စောင့်မျှော်နေခဲ့သည်။ တညနေတွင် ဣဇက်သည် အိမ်ပြင်သို့ လမ်းလျှောက် ထွက်လာခဲ့ရာ ကုလားအုတ်များလာနေသည်ကို သူမြင်တွေ့ခဲ့သည်။ မကြာမီ သူသည် ရေဗက္ကာကိုကြိုဆိုပြီး သူမိခင်၏တဲသို့ ခေါ်ဆောင်သွားခဲ့သည်။ ဣဇက်သည် ရေဗက္ကာအား အလွန်ချစ်မြတ်နိုးပြီး ရေဗက္ကာသည် သူ၏ဇနီးဖြစ်လာခဲ့သည်။ ***(ကမ္ဘာဦး ၂၄း၆၁-၆၇)***

၆။ *သူ၏ဇနီးအသစ်ကို တွေ့သောအချိန်တွင် ဣဇက်မည်သို့ခံစားမည်ဟု သင်ထင်သနည်း ။ (ရေဗက္ကာအား မတွေ့ဖူခဲ့သည့်အတွက် အလွန်စိတ်လှုပ်ရှားပြီး တုန်လှုပ်စရာဖြစ်သော်လည်း သူသည် ဘုရားသခင်၏ အကြံအစည်တော်ကို ကိုးစားပြီး ရေဗက္ကာအား သူ၏ဇနီးမယား အဖြစ် ဝမ်းမြောက်စွာ လက်ထပ်ထိန်းမြားခဲ့သည်။*

၇။ *ရေဗက္ကာနှင့်ဣဇက်တို့သည် ဘုရားသခင်၏ အကြံအစည်တော်ကို ကိုးစားပြီး လိုက်နာခဲ့ကြသည့်အတွက်ကြောင့် သူတို့အလွန် ပျော်ရွှင်ခဲ့ရသည်။ ကျွန်ုပ်တို့သည် သူ့အားကိုးစားပြီး သူ၏အကြံအစည်ကို လိုက်နာရန် ဘုရားသခင် အလိုတော်ရှိသည်။ ဘုရားသခင်၏ အလိုတော်ကို လိုက်နာလျှင် ကျွန်ုပ်တို့ အသက်တာ၌ ပျော်ရွှင်ဝမ်းမြောက်ခြင်းခံစားရမည် ဖြစ်သည်။*

**သင်ခန်းစာကို အဆုံးသတ်ပါ ။**

**ရုပ်ပြ ။** ။ဣဇက်အတွက် ဇနီး

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏အရေးပါမှုကို ရှင်းပြပြီးသင်ပေးပါ။ ***(ဆာလံ ၁၄၄း၁၅)*** ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် သူ၏အကြံအစည်ကို ဖော်ထုတ်သော်အခါ ကျွန်ုပ်တို့အသက်တာသည် မည်မျှပျော်ရွှင်စရာကောင်းကြောင်း ဤကျမ်းချက်က ဖော်ပြနေသည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

၁။ ရေဗက္ကာ အစ်ကို၏ အမည်မှာ အဘယ်နည်း။

၂။ ဧည့်ခံသည့် အစာများမစားမီ အစေခံဘာလုပ်ခဲ့သနည်း ။

၃။ ရေဗက္ကာအား ဣဇက်၏ ဇနီးအဖြစ် သူမ၏မိသားစုသည် အဘယ်ကြောင့် သဘောတူ ခွင့်ပြုခဲ့သနည်း။

၄။ ရေဗက္ကာနှင့် သူမ၏မိသားစုထံ အစေခံသည် မည်သည့်အရာ ပေးခဲ့သနည်း။

၅။ ရေဗက္ကာအား ဣဇက်၏ ဇနီးမယာအဖြစ် သူ့ကျွန်အား ခေါ်ဆောင်သွားခွင့်ပြုသူမှာ မည်သူဖြစ်သည်ဟု သူတို့ဆိုကြသနည်း။

၆။ အစေခံနှင့်ရေဗက္ကာတို့ အိမ်သို့ ပြန်လာချိန်တွင် မည်သူသည် လမ်းထွက်လျှောက် နေသနည်း။

၇။ ဣဇက်နှင့်ရေဗက္ကာတို့ နှစ်ဦးသည် အဘယ်ကြောင့် ပျော်ရွှင်ခဲ့ကြရသနည်း။

၈။ အရာအားလုံးထက် ၊လူအားလုံးထက် ကျွန်ုပ်တို့ကို ပျော်ရွှင်အောင် လုပ်ပေးနိုင်သောသူမှာ မည်သူနည်း။

# သင်ခန်းစာပြုလုပ်ရန် ဆရာများအတွက် လမ်းညွှန်

**အဆင့် (၁) သင်ခန်းစာများ**

- အဓိကပါဝင်သည့် ရောင်စုံခြယ်ခြင်း ၊ စကားလုံးအနည်းငယ်စီ ဖြည့်ခြင်းများကို အပတ်တိုင်းအတွက် စာမျက်နှာ (၁)သို့ (၂) မျက်နှာ စာအုပ်ထဲတွင်ရှိသည်။
- ၁လစာ အမှတ် ၄၀ မှတ်မှ ၁၀မှတ်အား ၁ပတ်စာ အတွက် ခွဲဝေ သက်မှတ်ထားသည်။
- အဆင့် (၁)သင်ခန်းစာကို သင်ယူသောကလေးများသည် စာကို ကောင်းစွာဖတ်နိုင်လိမ့်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် မိဘ ၊အုပ်ထိန်းသူ ၊ခေါင်းဆောင်မှ ကူညီပေးစေလိုသည်။
- သင်ခန်းစာ တစ်ခုစီတိုင်း အတွက် ရောင်စုံခြယ်အမှတ် (၁၀)မှတ်နှင့် အဖြေတစ်ခုစီအတွက် =၂ မှတ်စီ ခွဲပေးထားသည်။

**အဆင့် (၂) သင်ခန်းစာများ**

- တစ်ပတ်စာအတွက် စာမျက်နှာ (စာအုပ်ငယ်ထဲ၌ ၄ မျက်နှာ)
- ပုံပြင်တွင် သင်ခန်းစာများ ပါဝင်သည်။သင်ခန်းစာမှ စကားလုံးအမျိုးမျိုးကို ကျောင်းသားများမှ ရှာဖွေရမည်။ ရောင်စုံခြယ်ခြင်းအချို့ ပြုလုပ်ပါ။ အဓိကသော့ချက်ကျမ်းကို ပြည့်စုံစွာ ရေးပါ စသည်ဖြင့် ပြုလုပ်ပါ။
- သင်ခန်းစာများ အားလုံးပြီးဆုံးသည့်အခါ ၁လစာ ရမှတ် ၈၀ မှ ရမှတ် ၂၀ အား ၁ပတ်စာ အတွက် ခွဲဝေ သတ်မှတ်ပေးထားသည်။

**သမ္မာကျမ်းစာလေ့လာချိန် သင်ခန်းစာအား အမှတ်ပေးခြင်း**

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**

ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ပထမတွင်

- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ဤအရာများအတွက် အမှတ်မနုတ်ပါ။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်းဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။သူတို့၏ ကျမ်းစာလေ့လာခြင်းနှင့် ကျောင်းသာများအား ခွန်အားပေးတိုက်တွန်းရန် နှင့် အားလုံးကို အကောင်းဆုံးလုပ်ဆောင်ပေးရန် လိုအပ်သည်။ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ် ၊သေသပ်တယ် ၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများသင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတတ်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ ၊ဖော်ပြချက်များ၊
ရှာဖွေတွေ့ရှိချက်များ ၊ခွန်အားပေးနိုးဆော်မှုများ စသည်ဖြင့် ကွဲးကွဲးပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန်တောင်းဆိုထားသော်လည်း ကျောင်းသားများ၏ အသက်တာတွင် စိတ်ဝင်တစားလုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကြိုးသက်ရောက်မှုကို ဆုံးရှုံစေမည်ဖြစ်သည်။

**အဆင့် (၁)**

**ယေဘူယျဝေဖန်ချက်**

"အေမီ - ဤသင်ခန်းစာကို လာရောက်သင်ကြားသည့်အတွက် အလွန်ဝမ်းမြောက်ပါတယ် ။ ဤသင်ခန်းစာကို သင်ယူရသည့်အတွက် သမီးပျော်ရွှင်လိမ့်မည် လို့ ဆရာမမျှော်လင့်ပါတယ်။ သမီးရောင်စုံခြယ်ထားတာလှတယ် ။ သမီးကျောင်းတက်နေပြီးလား ။ဆရာမကို ပြောပြပါဦး။ မြန်မြန်ပြောပါ ဆရာမစောင့်နေတယ်။ "
"အန်ဒရူး - မင်းကောင်းကောင်း လုပ်နိုင်တာပဲ။ အို- ထူးထူးခြားခြား အရောင်ခြယ်ထားတာပဲ။ မျဉ်းအတွင်းထဲမှာရေးဖို့ ဘာကြောင့် ခက်ခဲတာလဲ။
နောက်ဆုံးသင်ခန်းစာ အတွက် ရောင်စုံ ခြယ်သည့်အခါ အစက်သေးသေးလေးကို မင်းကျန်ခဲ့တယ် စသည်ဖြင့် ဝေဖန်နိုင်သည်။"

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"စာရာ - မင်းကောင်းစွာလုပ်ထားတာပဲ ။ယေရှုသည် သူအား ကူညီပေးခဲ့သည့်အတွက် တပ်မှူးသည် မည်မျှပျော်ရွှင်သောသူ ဖြစ်ရပါသနည်း။ ကောင်းသောအဖြေပဲ ၊ သခင်ယေရှု ပုံပြင်ထဲ၌ သေခြင်းသည် ဝမ်းနည်းစရာဖြစ်သော်လည်း သူ၏ရှင်ပြန်ထမြောက်ခြင်သည် အလွန်ဝမ်းမြောက်စရာပင်ဖြစ်သည်။"
"အိုး -အကောင်းဆုံးအဖြေပဲ။ ဖိလိပ္ပုနှင့် တောထဲတွင် တွေ့သော်သူသည် ဝမ်းမြောက်လျှက် ထွက်သွားခဲ့သည်။သခင်ယေရှု အကြောင်းကို သူကြားပြီး ယုံကြည်ခဲ့သည်။"

**အဆင့် (၂)**

**ယေဘူယျဝေဖန်ချက်**

" ကောင်းသောအဖြေပဲ ဂျိအဲနာ ၊ကျောင်း၌သမီးရဲဆရာက သမီးရဲ့အဖြေကို အားရကျေနပ်လိမ့်မယ်လို့ ဆရာမ ယုံတယ်။"
"သားရဲ့ မွေးနေ့ မကြာခင်ရောက်တော့မယ်မဟုတ်လာ ကောနာ ။တခုခုကို သား ပြင်ဆင်ထားပါသလား။ သား ဘာပဲလုပ်လုပ် ကောင်းသောနေ့ ဖြစ်ပါစေကွယ်။ "

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"နွားစာခွက်ထဲ၌ နေသော သူငယ်တော်ယေရှုပုံကို သား ရောင်စုံခြယ်ထားတာ ဆရာမ သဘောကျတယ်။ "
"သူ၏သားတော်ကို လောကသားအတွက် ပေးဆက်ခြင်းသည် ဘုရားသခင်ရဲ ကောင်းမြတ်ခြင်းပဲ မဟုတ်ဘူးလာ။ "
"သမီးရောင်စုံခြယ်ထားတာ ဆရာ သဘောကျတယ်။ ဘုရားသခင်၏ စကားတော်ကို နားမထောင်သည့်အတွက် ဇာခရိ အဖိုးအခ ပေးခဲ့ရတယ်။ နောက်အခါ ဘုရားသခင်ရဲ့စကားတော်ကို သူသံသရ မရှိတော့ဘူး။"
"မင်းတော်တော် ကြိုးစားထားတာပဲ။ အမှားနည်းနည်းလေးပဲ ရှိတယ်။အချိန်တိုင်း မင်းရဲ့အဖြေကို စစ်ဖို့မမေ့နဲ့နော။"

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1096157

11/2019
MY-Burmese